# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၃၃)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၅-၉-၂၀၁၆ ] ( ကြာသပတေးနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ဦးနေဖူးဗဆွေ၊ ပန်းဘဲတန်း မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးပါဝင်ပတ်သက်သူများ အားလုံးသည် E-Government Website များနှင့် Mobile Application များမှ တစ်ဆင့် ဌာနဆိုင်ရာဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်ရေးအတွက် E-Government စနစ်များ ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးနိုင်ထူးအောင်၊ နွားထိုးကြီး မဲဆန္ဒနယ်၊

(ခ) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၊

(ဂ) ဦးဇာနည်မင်း၊ ရွှေကူ မဲဆန္ဒနယ်၊

(ဃ) ဦးအောင်သိန်း၊ ဇန်းမော် မဲဆန္ဒနယ်၊

(င) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၊

(စ) ဒေါ်ဇင်မာအောင်၊ ရန်ကင်း မဲဆန္ဒနယ်၊

(ဆ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

(ဇ) ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့်၊ အမရပူရ မဲဆန္ဒနယ်၊

(ဈ) ဦးအောင်နိုင်(ခ) ဦးနိုင်ငံကျော်၊ မိုးကုတ် မဲဆန္ဒနယ်၊

(ည) ဒေါက်တာဦးဝေဖြိုးအောင်၊ သာကေတ မဲဆန္ဒနယ်၊

(ဋ) ဦးနေစိုးအောင်၊ ဝန်းသို မဲဆန္ဒနယ်၊

(ဌ) ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်း မဲဆန္ဒနယ်၊

(ဍ) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၊

(ဎ) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၊

(ဏ) ဦးယန်ကျင်းကန်၊ ကွမ်းလုံ မဲဆန္ဒနယ်၊

(တ) ဦးအုန်းခင်၊ ပုလော မဲဆန္ဒနယ်၊

(ထ) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၊

(ဒ) ဦးသန်းစိုးအောင်၊ ပျဉ်းမနား မဲဆန္ဒနယ်၊

(ဓ) ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်၊

(န) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၊

(ပ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၊

(ဖ) ဦးစစ်နိုင်၊ မင်းပြား မဲဆန္ဒနယ်၊

(ဗ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၊

(ဘ) ဒေါက်တာဦးခင်မောင်မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်၊

(မ) ဦးမြင့်လွင်၊ ပုဇွန်တောင် မဲဆန္ဒနယ်၊ **(ခွင့်)**

၆။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**(၃၃)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်**

**(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၂၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးစိုင်းစန်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးစိုင်းစန်သိန်း၊ မိုးနဲမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၇ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၂ ရက်၊

(၂) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၂ ရက်၊

(၃) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊

**မူကြမ်း**

(၄) မြောင်မဲဆန္ဒနယ်မှ ဦးဌေးဝေ ခွင့် ၁ ရက်၊

(၅) ဘီလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွက် ခွင့် ၁ ရက်၊

(၆) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊

(၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမင်းသန်း ခွင့် ၁ ရက်၊

(၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြတ်သိန်း ခွင့် ၁ ရက်၊

(၉) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၁ ရက်၊

(၁၀) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၂ ရက်၊

(၁၁) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၁ ရက်၊

(၁၂) မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ခွင့် ၁ ရက်၊

(၁၃) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၁၄) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၁ ရက်၊

(၁၅) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၁၆) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၁ ရက်နှင့်

(၁၇) မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် ခွင့် ၁ ရက်တို့ပဲဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၆ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၇ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးနေဖူးဗဆွေ၊ ပန်းဘဲတန်းမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံအတွင်းရှိပြည်သူများ၊ စီးပွားရေး လုပ်ငန်းများနှင့် အကျိုးပါဝင် ပတ်သက်သူများအားလုံးသည် E-Government Website များနှင့် Mobile Application များမှတစ်ဆင့် ဌာနဆိုင်ရာဝန်ဆောင်မှုများနှင့် သတင်းအချက်အလက် များကို ရယူသုံးစွဲနိုင်ရေးအတွက် E-Government စနစ်များ ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးနေဖူးဗဆွေ ပန်းဘဲတန်းမဲဆန္ဒနယ် က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ (၇-၉-၂၀၁၆ ရက်နေ့)တွင်တင်သွင်းတဲ့ နိုင်ငံအတွင်းရှိပြည်သူများ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးပါဝင် ပတ်သက်သူများအားလုံးသည် E-Government Website များနဲ့ Mobile Application များမှ တစ်ဆင့် ဌာနဆိုင်ရာဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်ရေး အတွက် E-Government စနစ်များ ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည် ဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့် ကိုယ်စားလှယ် ၂၄ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးနိုင်ထူးအောင်(နွားထိုးကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်ဖြစ်ပြီး ပန်းဘဲတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေဖူးဗဆွေရဲ့အဆိုကို အကြံပြုချက်များနဲ့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

**မူကြမ်း**

Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ E-Government ဆိုတဲ့အသုံးအနှုန်းကို အဓိပ္ပာယ်ဖွင့်ဆိုချက်များစွာနဲ့ ဖွင့်ဆိုကြပေမယ့် အရိုးဆုံး၊ အရှင်းဆုံးပြောရမယ်ဆိုရင်တော့ E-Government ဆိုတာနိုင်ငံသားတွေရဲ့ အချိန်ကို ဖြုန်းတီးမှုမရှိတဲ့ အစိုးရအုပ်ချုပ်မှုစနစ်ကို ဆိုလိုတာပဲဖြစ်ပါတယ်။ E-Government မှာ အင်တာနက်ကို အသုံးပြုခြင်းတစ်ခုတည်း ပါဝင်တာမဟုတ်ဘဲ TV, Radio, Fax, Phone, Smart Card နှင့် အခြား Electronic ပစ္စည်းများကို အသုံးပြုခြင်းများလည်း ပါဝင်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ E-Government ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်မယ်ဆိုရင် နိုင်ငံတော်နှင့် နိုင်ငံသားတွေမှာ အကျိုးကျေးဇူးများစွာရရှိမှာဖြစ်ပါတယ်။ ရရှိနိုင်တဲ့အကျိုးကျေးဇူးတွေထဲက အဓိကကျတဲ့အချက်အချို့ကို ကောက်နုတ်တင်ပြရရင် အစိုးရနဲ့ ပြည်သူတွေရဲ့ အချိန်နဲ့ငွေကြေးကုန်ကျမှုတွေ သက်သာလာမှာဖြစ်ပြီး ဥပဒေတွေ၊ မူဝါဒတွေကို အကောင်အထည်ဖော်ရာမှာလည်း ပိုမိုထိရောက်မြန်ဆန်လာမှာဖြစ်ပါတယ်။ အခွန်ကောက်ယူရာမှာလည်း ပိုမိုစနစ်ကျ တိကျလာပြီး နိုင်ငံတော်ရဲ့ဘဏ္ဍာငွေတွေ တိုးပွားလာမှာဖြစ်ပါတယ်။ ဒါ့အပြင် ပွင့်လင်းမြင်သာမှုပိုမိုရှိလာပြီး အကျင့်ပျက်လာဘ်စားမှုတွေကိုလည်း ထိရောက်စွာတိုက်ဖျက်နိုင်မှာဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်တဲ့နေရာမှာလည်း ပိုမိုမြန်ဆန်လာပြီး ဒီလိုမြန်ဆန်လာမှုဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမှာဖြစ်သလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုဝင်ရောက်လာနိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ E-Government ကို အကောင်အထည်ဖော်တဲ့အခါမှာ E ဆိုတဲ့အပိုင်း တစ်နည်းအားဖြင့် နည်းပညာကိုအသုံးပြုမှုအပိုင်းကိုပဲ အာရုံစိုက်နေလို့ မရပါဘူး။ ပိုပြီးအရေးကြီးတဲ့အပိုင်းကတော့ Government ဆိုတဲ့အပိုင်း တစ်နည်းအားဖြင့် အစိုးရရဲ့ အုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းဘက်အပိုင်းပဲဖြစ်ပါတယ်။ E-Government ကို အကောင်အထည်ဖော်တဲ့အခါမှာ ကွန်ပျူတာတွေကို အသုံးပြုဖို့ Website တွေပြုလုပ်ဖို့ကိုပဲ အခြေခံပြီး စဉ်းစားလို့မရပါဘူး။ အစိုးရရဲ့ဝန်ဆောင်မှုကို ရယူတဲ့အခါမှာ နိုင်ငံသားတွေဟာ ဘယ်လိုအခက်အခဲတွေ၊ အဟန့်အတားတွေ၊ ကြန့်ကြာမှုတွေကြုံနေရသလဲဆိုတာကို ဖော်ထုတ်ပြီးတော့ ဒီအချက်တွေကို ဘယ်လိုဖြေရှင်းမလဲ။ ဖြေရှင်းတဲ့အခါမှာ ICT နည်းပညာတွေကို ဘယ်လိုသုံးမလဲဆိုတဲ့ စဉ်းစားပုံနဲ့ စဉ်းစားဖို့လိုအပ်ပါတယ်။ တကယ်တော့ E-Government ကိုအကောင်အထည်ဖော်တယ်ဆိုတာ စာရွက်တွေ၊ စာအုပ်တွေ၊ ဖိုင်တွဲတွေနဲ့လုပ်ရတဲ့လုပ်ငန်းစဉ်တွေကို ကွန်ပျူတာ၊ အင်တာနက်တွေကို

အသုံးပြုပြီး လုပ်ရတဲ့လုပ်ငန်းစဉ်အဖြစ် ပြောင်းလဲတာထက် အများကြီးပိုပါတယ်။ E-Government ကို အကောင်အထည်ဖော်တယ်ဆိုတာ အစိုးရရဲ့အုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းအားလုံးကို ပိုမိုထိရောက်မြန်ဆန်ကောင်းမွန်အောင် ပြောင်းလဲခြင်း၊ တစ်နည်းအားဖြင့် Institutional Reform ပြုလုပ်တာပဲဖြစ်ပါတယ်။ ဒါကြောင့် E-Government မှာ ICT နည်းပညာဆိုတာ အသုံးပြုရမယ့်ကိရိယာတန်ဆာပလာပဲဖြစ်ပြီးတော့ ICT နည်းပညာအသုံးပြုရုံမျှနဲ့တော့ E-Government ဖြစ်ပြီလို့ ပြောလို့မရပါဘူး။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပြုလုပ်ခဲ့တဲ့ E-Government အကောင်အထည်ဖော်မှုတွေကို လေ့လာကြည့်တဲ့အခါမှာ ၆၀ ရာခိုင်နှုန်းကျော်ဟာ မအောင်မြင်ခဲ့ဘူးဆိုတာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ E-Government ကိုအကောင်အထည်ဖော်တဲ့အခါမှာ အသေအချာဆင်ခြင်သုံးသပ်ပြီး ဆောင်ရွက်ရမှာဖြစ်သလို အခြားနိုင်ငံများရဲ့ မအောင်မြင်ရတဲ့အကြောင်းအရင်းတွေကိုလည်း သင်ခန်းစာယူဖို့လိုပါလိမ့်မယ်။ မအောင်မြင်ရတဲ့အကြောင်းအရင်းတွေထဲက ပထမအချက်ကတော့ ကျွန်တော်ခုနက တင်ပြခဲ့သလိုပဲ နည်းပညာပိုင်းဆိုင်ရာတွေကိုပဲ အဓိကထားပြီးတော့ လိုအပ်တဲ့ Institutional Reform ကို မပြုလုပ်လို့ဖြစ်ပါတယ်။ လိုအပ်တဲ့ Institutional Reform တွေ မဆောင်ရွက်ဘဲ လက်ရှိ Institution ကိုပဲ ICT နည်းပညာတွေထည့်သွင်းဖို့ စဉ်းစားမယ်ဆိုရင်တော့ နိုင်ငံတော်နှင့် နိုင်ငံသားတွေအတွက် ဘာအကျိုးကျေးဇူးမှ မရရှိဘဲ ICT ကုမ္ပဏီတွေပဲ အကျိုးအမြတ်ရရှိသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် E-Government အကောင်အထည်ဖော်ရာမှာ Conflict of Interest လို့ခေါ်တဲ့ အကျိုးစီးပွားဆိုင်ရာပဋိပက္ခတွေ ရှိနေနိုင်တာကိုလည်း သတိပြုရပါမယ်။ ဒါ့အပြင် E-Government ကိုအကောင်အထည်ဖော်တဲ့နေရာမှာ ရေရှည်တည်တံ့ခိုင်မြဲတဲ့လုပ်ငန်းစဉ်တွေရှိဖို့ လိုအပ်ပါတယ်။ ရေတိုမှာပဲ ဘတ်ဂျက်တွေမှာအများကြီးသုံးပြီး ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက်ကျတော့ စီစဉ်ဆောင်ရွက်မှုတွေမပြုဘူးဆိုရင် မအောင်မြင်နိုင်ပါဘူး။ ဒါကြောင့် E-Government ကို အကောင်အထည်ဖော်ရာမှာ ရေတိုကိုပဲ မကြည့်ဘဲ ရေရှည်အတွက်ပြင်ဆင်ဆောင်ရွက်မှုတွေ အဓိကထားစဉ်းစားရမှာ ဖြစ်ပါတယ်။ ဒီလိုစဉ်းစားတဲ့အခါမှာ ဘတ်ဂျက်အသုံးပြုမှုတင်မကဘဲ နည်းပညာတွေဟာ နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေတာမို့လို့ အနာဂတ်မှာ တိုးတက်လာနိုင်တဲ့နည်းပညာများကိုပါ ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ နောက်ထပ်အရေးကြီးတဲ့အချက်ကတော့ E-Government ကို ဖော်ဆောင်တဲ့နေရာမှာ ဝန်ကြီးဌာနတစ်ခုတည်းက တာဝန်ယူဆောင်ရွက်ဖို့ထက် ဝန်ကြီးဌာနတွေအားလုံး ပူးပေါင်းဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ E-Government ကို

ဖော်ဆောင်ရာမှာ အရေးကြီးတဲ့နောက်ထပ်တစ်ချက်ကတော့ လူထုလိုအပ်ချက်နဲ့ကိုက်ညီဖို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ Down to Up သွားတဲ့ပုံစံဖြစ်သင့်ပြီး Up to Down သွားဖို့ မသင့်ပါဘူး။ ပြည်သူလူထုမှာရှိနေတဲ့ လက်ရှိ ICT နည်းပညာအသုံးပြုနိုင်စွမ်းနဲ့ အနာဂတ်မှာရှိလာမယ့် ICT နည်းပညာ အသုံးပြုနိုင်စွမ်းတွေကိုလည်း ထည့်သွင်းစဉ်းစားရပါလိမ့်မယ်။ နောက်တစ်ချက်ကတော့ E-Government စနစ်ကို စတင်အကောင်အထည်ဖော်ပြီဆိုတာနဲ့ ဝန်ဆောင်မှုပိုင်းဆိုင်ရာ တိုးတက်မှုကို ပြသနိုင်ဖို့ လိုပါတယ်။ ဒီအတွက် Think Big, Start Small ဆိုတဲ့အတိုင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနအားလုံး၊ နိုင်ငံအတွင်းက ဒေသအားလုံးမှာ E-Government အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ ရေရှည်စီမံကိန်းရေးဆွဲရမှာဖြစ်ပေမယ့် စတင်အကောင်အထည်ဖော်တဲ့အခါမှာ မနိုင်မနင်းနဲ့ဌာနတွေ၊ ဒေသတွေအများကြီးမှာ အကောင်အထည်ဖော်မယ့်အစား ဝန်ဆောင်မှုတိုးတက်မှုကို လူထုသိသာမြင်သာနိုင်မယ့် ဌာနတွေ၊ ဒေသတွေ အနည်းငယ်ကို ရွေးချယ်ပြီး ထိထိရောက်ရောက်ဖြစ်အောင် ဆောင်ရွက်သင့်ပါတယ်။ ပြီးတော့မှ တဖြည်းဖြည်းတိုးချဲ့တာက ပိုမိုကောင်းမွန်ပါလိမ့်မယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ အခုဆိုရင် အခြားသော နိုင်ငံအတော်တော်များရဲ့နောက်မှာ အများကြီးကျန်ခဲ့ပါပြီ။ သူတို့ကို မီဖို့ဆိုရင် သူတို့လှမ်းတဲ့ခြေလှမ်းလောက် လှမ်းရုံနဲ့မရပါဘူး။ ကျွန်တော့်အနေနဲ့ Leap Frog လို့ခေါ်တဲ့ ခုန်ပျံကျော်လွှားသွားမှုနဲ့သွားရမှာဖြစ်ပါတယ်။ ဒီလိုသွားဖို့အတွက်ဆိုရင် အမှန်တကယ်ထိရောက်တဲ့ E-Government စနစ်တစ်ခု မရှိမဖြစ်လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေရဲ့အဆိုအား နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်စေမယ့်အဆိုအဖြစ်ယုံကြည်ပြီး လေးနက်စွာနဲ့ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ ။** ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့တာဝန်ရှိသူများ၊ လေ့လာသူ ဧည့်သည်အားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာမေတ္တာရပ်ခံအပ်ပါတယ်။ ဒါကတော့

အချို့နိုင်ငံတွေမှာသုံးနေတဲ့ E-Government Infrastructure ဖြစ် ပါတယ်။ State Wide Area Network(SWAN), State Data Center, Data Center, National Service Delivery Gateway(NSDG), Command Service Center(CSC) ဒါကတော့ State Data Center ရဲ့ Reference Architecture ဖြစ်ပါတယ်။ ကျွန်တော်တို့ E-Government ဆိုတာ G to C (Government to Customer) Customer ဆိုတာကတော့ ပြည်သူလူထုဖြစ်ပါတယ်။ နောက်ပြီးတော့ G to G(Government to Government)၊ နောက်ပြီးတော့ G to B (Government to Business) ဆိုတော့ Government အစိုးရကနေ ပြည်သူလူထုကို ဝန်ဆောင်မှုပေးတယ်။ အစိုးရအချင်းချင်းလည်း ဆက်သွယ်ဆောင်ရွက်နိုင်တယ်။ ဌာနတစ်ခုချင်းတစ်ခုချင်းလည်း ဆက်သွယ်ဆောင်ရွက်နိုင်တယ်။ နောက်ပြီး စီးပွားရေးကိစ္စ။ စီးပွားရေး သမားတွေ၊ ပါမစ်တွေ။ နောက် စီးပွားရေးသမားတွေ၊ ထွက်ကုန်/သွင်းကုန်တွေ၊ Service တွေကို လုပ်ဆောင်ပေးတဲ့ System ဖြစ်ပါတယ်။ ဒါကတော့ နမူနာလေးဖြစ်ပါတယ်။ E-Government လုပ်ပြီဆိုရင် Data Center တွေဟာ အရမ်းအရေးကြီးပါတယ်။ Data Center တွေ မရှိမဖြစ် တည်ထောင်ရပါတယ်။ ဒါကတော့ အချို့နိုင်ငံတွေမှာ တည်ဆောက်ထားတဲ့ State HQ, District HQ၊ BLOC Stage HQ အဆင့်ဆင့် Data Center တွေဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာဆိုလည်း နေပြည်တော်မှာလည်း Data Center တည်ဆောက်ပြီးပြီလို့ သိရပါတယ်။ တပ်ကုန်းမှာလည်း Data Center တည်ဆောက်ပြီးပြီလို့ သိရပါတယ်။ ရန်ကုန်မှာလည်း အရန် Data Center တည်ဆောက်ပေးထားပြီလို့ သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ ကျွန်တော်တို့မြန်မာနိုင်ငံအစိုးရရုံးများတွင် စာရွက်စာတမ်းများကို သိမ်းဆည်းထားပုံဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတကာက ခေတ်မီဖွံ့ဖြိုးတိုးတက်နေတဲ့နိုင်ငံတွေနဲ့ ယှဉ်လိုက်ရင် ကျွန်တော်တို့နိုင်ငံဟာ အရမ်းနောက်ကျနေပါပြီ။ နိုင်ငံတကာမှာဆိုရင် အချက်အလက် Data တွေ၊ စာရွက်စာတမ်းတွေကို ဒီလိုမသိမ်းတော့ပါဘူး။ Computerizing နဲ့ သိမ်းပါတယ်။ ဘာဖြစ်လို့ ဒီလိုသိမ်းထားတဲ့အတွက် ဘာတွေ အကျိုးကျေးဇူးတွေမရှိဘူးလဲဆိုတော့ တစ်ခုခု Data တွေ ရှာရပြီဆိုရင် စာရွက်တွေလှန်ရပါတယ်။ အချိန်တွေကုန်ပါတယ်။ နောက်ပြီးတော့ ဒီစာရွက်တွေဟာ ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်ပေါ်စေပါတယ်။ ပြီးတော့ နေရာတွေအများကြီးလိုပါတယ်။ နောက်ပြီးတော့ မိုးရေစိုလို့ဖြစ်စေ၊ ကြွက်ကိုက်လို့ဖြစ်စေ၊ ခြစားလို့ဖြစ်စေ Data တွေ ပျောက်ဆုံးတတ်ပါတယ်။ အဲဒါကြောင့် ခေတ်မီတိုးတက်တဲ့နိုင်ငံတွေမှာဆိုရင်တော့ Computerizing နဲ့ Data တွေ၊ အချက်အလက်တွေကို သိမ်းဆည်းနေပြီဖြစ်ပါတယ်။ ဒါကတော့ E-Government အသုံးပြုရ

ခြင်းကြောင့် အကျိုးကျေးဇူးများမှတစ်ချက်ဖြစ်ပါတယ်။ အချိန်ကုန်သက်သာခြင်း၊ စာရွက်စာတမ်းများပျောက်ဆုံး၊ ပျက်စီးခြင်းမှ ကာကွယ်နိုင်ခြင်း၊ ပြစ်မှုများအား လျင်မြန်စွာဖော်ထုတ်နိုင်ခြင်း၊ လာဘ်ပေးလာဘ်ယူများ လျှော့ချနိုင်ခြင်း၊ ဌာနတစ်ခုနှင့် ဌာနတစ်ခုချိတ်ဆက်နိုင်မှုမြန်ဆန်ခြင်း၊ လုပ်ငန်းလျင်မြန်ပြီးစီးခြင်း၊ ငွေကုန်ကြေးကျသက်သာခြင်းတို့ပဲဖြစ်ပါတယ်။ ဒီအချက်ထဲမှာ ငွေကုန်ကြေးကျသက်သာခြင်းနှင့် အချိန်ကုန်သက်သာခြင်းဆိုတဲ့အချက်ကို ကျွန်တော် ဆွေးနွေးပါမယ်။ ကျွန်တော်တို့ဟာ အခုချိန်မှာဆိုရင် နေပြည်တော်မြို့တော်ကြီးမှာ အစိုးရကိစ္စတွေ ဆောင်ရွက်ရပါတယ်။ အဲဒါကြောင့် မြန်မာနိုင်ငံအတွင်းရှိ နယ်အရပ်ရပ်က ကိစ္စတွေက စီးပွားရေးပါမစ်တွေပဲဖြစ်ဖြစ် လျှောက်တဲ့အခါ ဒီကိုလာရပါတယ်။ နေပြည်တော်ကို လာရပါတယ်။ လာရတဲ့အတွက် ကုန်ကျစရိတ်တွေကုန်ပါတယ်။ တကယ်လို့ E-Government သာ ရှိပြီဆိုရင် အိမ်မှာတင် အင်တာနက်ကတစ်ဆင့် မိမိကွန်ပျူတာကနေ လုပ်ငန်းလိုင်စင်တွေ လျှောက်နိုင်ပါတယ်။ နောက်ပြီးတော့ စီးပွားရေးလုပ်ငန်းပါမစ်တွေလျှောက်နိုင်ပါတယ်။ အဲဒီအတွက် အချိန်ကုန်သက်သာပါတယ်။ ဒီကိုမလာရတော့ ဘူးဆိုကတည်းက မိမိနေရာကပဲ မိမိလုပ်နိုင်တဲ့အတွက် သွားလာစရာမလိုတော့တဲ့အတွက် ခရီးစရိတ်တွေသက်သာသွားပါတယ်။ နောက်တစ်ခု ရန်ကုန်တိုင်းဒေသကြီးကို ဆွေးနွေးပါမယ်။ ရန်ကုန်မြို့ကြီးမှာအခုလက်ရှိပြဿနာဖြစ်နေတာသည် Traffic Jam ယာဉ်ကြော ပိတ်ဆို့မှုပြဿနာတွေ အရမ်းဖြစ်နေပါတယ်။ ဖြစ်နေတဲ့အတွက် ပြည်သူလူထုက ရုံးတွေကိုသွားဖို့အတွက်ဆို အချိန်တွေပေးရတယ်။ ကားတွေကြပ်တာတွေ ကြုံရတယ်။ အလုပ်တွေမပြီးဘူး။ တစ်ရက်တည်းပြီးမယ့်ကိစ္စဆို ကားကြပ်တဲ့အတွက် တစ်နေရာနှင့်တစ်နေရာ သွားရတာခက်ခဲတဲ့အတွက် ကျွန်တော်တို့ဟာ အချိန်တွေအများကြီးပေးရတယ်။ အဲဒီအတွက် ကျွန်တော်တို့ဟာ E-Government စနစ်တွေကျင့်သုံးပြီဆိုရင် ဥပမာ-လိုင်စင်၊ ကားလိုင်စင် တင်တာဖြစ်ဖြစ်၊ တကယ်လို့ မှတ်ပုံတင် ပျောက်တာပဲဖြစ်ဖြစ် ရုံးတွေသွားရတဲ့အခါ စာရွက်စာတမ်းတွေ အများကြီးဖြည့်ရပါတယ်။ နောက်ပြီးတော့လည်း အချိန်တွေ အများကြီးကြန့်ကြာပြီး စောင့်ရပါတယ်။ ရုံးမှာတစ်စားပွဲနှင့် တစ်စားပွဲ အစိုးရအရာရှိတွေ၊ ဝန်ထမ်းတွေလက်မှတ်ထိုးဖို့ စောင့်ရပါတယ်။ နောက်တစ်ခုက အရေးကြီးဆုံးအချက်က ရုံးသွားရတဲ့အတွက် လူလူချင်းဆက်ဆံထိတွေ့ရပါတယ်။ ထိတွေ့ရတဲ့အခါကျရင် အစိုးရဝန်ထမ်းတွေအနေနဲ့ ပြည်သူတွေဟာ ထိတွေ့ဆက်ဆံမှုအားနည်းတဲ့အတွက် အစိုးရဝန်ထမ်းတွေက ဆက်ဆံမှုတွေမှာ အဆင်မပြေမှုတွေဖြစ်နိုင်ပါတယ်။ ပြီးတော့ လာဘ်ပေးလာဘ်ယူမှုတွေလည်း ဖြစ်လာနိုင်ပါတယ်။ ဒီအတွက် E-Government သုံးတဲ့အခါကျရင် လူလူချင်းဆက်ဆံမှုလည်း နည်းသွားမယ်။ အချိန်အတိအကျ

လည်းသိရမယ်။ Data တွေကိုလည်း အတိအကျကွန်ပျူတာကနေ ပို့နိုင်တဲ့အတွက် ခေတ်မီတိုးတက်တဲ့နိုင်ငံတွေမှာ E-Government ဟာ မရှိမဖြစ်လိုအပ်ပြီးတော့ တိုင်းပြည်အတွက်၊ ပြည်သူလူထုအတွက် အချိန်ကုန်လည်းသက်သာတယ်။ ငွေကုန်လည်းသက်သာတဲ့အတွက် အသုံးပြုသင့်ပါတယ်လို့ ကျွန်တော် ဆွေးနွေးရင်းနဲ့ ဦးနေဖူးဗဆွေရဲ့ E-Government စနစ်များကို ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်မြှင့်အကောင်အထည်ဖော်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံပါတယ်လို့ ပြောကြားရင်း ကျေးဇူးတင်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွှေကူမဲဆန္ဒနယ်က ဦးဇာနည်မင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာသူများအားလုံး မင်္ဂလာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပန်းဘဲတန်းမဲဆန္ဒနယ် ဦးနေဖူးဗဆွေရဲ့ အဆိုတစ်ရပ်ကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရဲ့နိုင်ငံမှာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရတစ်ရပ်လည်း ပေါ်ပေါက်ခဲ့ပါပြီ။ ဒါ့အပြင် ကမ္ဘာတစ်ဝန်းလုံးက အသိအမှတ်ပြုပြီး ယုံကြည်လေးစားခြင်းခံရတဲ့ နိုင်ငံ့ခေါင်းဆောင်လည်း ရှိနေပါပြီ။ သို့ပေမယ့် အုပ်ချုပ်တဲ့အစိုးရနဲ့ ခေါင်းဆောင်တွေ ဘယ်လောက်ပဲကောင်းစေကာမူ ယင်းတို့၏ လမ်းညွှန်ချမှတ်ချက် လက်တွေ့အကောင် အထည် ဖော်နိုင်ရန် ဗျူရိုကရေစီယန္တရားကြီး တည့်မတ်ပြီး အဂတိကင်းစွာနဲ့ စွမ်းဆောင် ရည်မြင့်မြင့်ဖြင့် ထိရောက်စွာအကောင်အထည်ဖော်နိုင်ရင် ကျွန်တော်တို့ရဲ့နိုင်ငံဟာ ဒီမိုကရေစီ အမြစ်တွယ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လေးအီနေတဲ့၊ ခေါက်ရိုးကျိုးနေတဲ့ ဗျူရိုကရေစီယန္တရားကြီးကို ပြုပြင်ပြောင်းလဲမှသာ ဒီမိုကရေစီ အမြစ်တွယ် မည်ဖြစ်ကြောင်းကိုလည်း ကျွန်တော့်အနေနဲ့ အလေးအနက်ပြောကြားလို ပါတယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံကို ပြုပြင်ပြောင်းလဲနိုင်ရန် E-Government စနစ်ဖော်ဆောင်မှသာ နာလန်ထူမည်ဖြစ်ကြောင်း ကိုလည်း နိုင်ငံတကာပညာရှင်များ လေ့လာသုံးသပ်မှုကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ E-Government စနစ်ဆိုသည်မှာ ကတော့ လူတကာနားလည်အောင် ရှင်းပြရမယ်ဆိုရင် Paperless System ဖြစ်ပြီး စီမံခန့်ခွဲမှုများကို ICT နည်းပညာဖြင့် စီမံခန့်ခွဲအုပ်ချုပ်ခြင်းဖြစ်ပါတယ်။ အာဆီယံနိုင်ငံများတွင်

စီးပွားရေးဖွံ့ဖြိုးအတိုးတက်ဆုံးနိုင်ငံဖြစ်တဲ့ စင်ကာပူနိုင်ငံဟာဆိုလို့ရှိရင် E-Participation Index in 2016 အရဆိုလို့ရှိရင် နံပါတ်(၈) နေရာမှာရှိနေတယ်ဆိုတဲ့ အကြောင်း ကိုလည်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ E-Government စနစ်ရဲ့အခြေခံမူ လေးရပ်မှာ ကတော့ Process လို့ပြောတဲ့ မှန်ကန်တဲ့လုပ်ငန်းစဉ်များရှိခြင်း၊ People Vision လို့ပြောတဲ့ ဦးဆောင်မှုနည်းပညာနှင့် ရည်ရွယ်ချက်များချမှတ်နိုင်ခြင်း၊ Technology (နည်းပညာ)၊ Resources (အရင်းအမြစ်များ)တို့ပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ E-Government စနစ်ကိုကျင့်သုံးပါက ကောင်းမွန်ထိရောက်တဲ့စီမံခန့်ခွဲမှုများရှိပြီး ကောင်းမွန်ထိရောက်သော ဝန်ဆောင်မှုများရှိခြင်းကြောင့် ပြည်သူလူထုက ပိုမိုယုံကြည်ကိုးစားလာမှာဖြစ်ပါတယ်။ ကနဦးကုန်ကျစရိတ်မြင့်မားသော်လည်း ရေရှည်တွင် အချိန်၊ ငွေကြေးကုန်ကျမှုသက်သာမှုရှိလာမှာဖြစ်ပါတယ်။ အစိုးရသစ်ရဲ့ မူဝါဒတစ်ရပ်ဖြစ်တဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိုလည်း ဖော်ဆောင်လာနိုင်မှာဖြစ်ပါတယ်။ E-Government ဖော်ဆောင်မှုကြောင့် Corruption Index က ၅၀ ရာခိုင်နှုန်းနဲ့ ၆၀ ရာခိုင်နှုန်း ကျဆင်းလာတယ်ဆိုတာ ၂၀၁၆ ခုနှစ် UN Survey Report မှာ ဖော်ပြထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ စာရွက်စာတမ်းများကိုလည်း ကိုင်တွယ်ထိန်းသိမ်းရမှု၊ ရှာဖွေမှုများပြဿနာကိုလည်း လျှော့ချ လာနိုင်မှာဖြစ်သည့်အပြင် အချက်အလက်များကိုလည်း လုံခြုံစွာထိန်းသိမ်းထားနိုင်မှာဖြစ်ပါတယ်။ လူအင်အားနည်းစွာဖြင့် ထိရောက်အောင်ဆောင်ရွက်နိုင်မှာဖြစ်သည့်အပြင် သတင်းအချက်အလက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ လွယ်ကူစွာရရှိနိုင်မှာဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းနဲ့လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပြီး သဘာဝသယံဇာတများကို စနစ်ကျစွာစီမံခန့်ခွဲနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်များကို ကြိုတင်သိရှိရှောင်ရှားကာကွယ်နိုင်မှာဖြစ်ပြီး အစိုးရတစ်ရပ်အနေနဲ့လည်း တာဝန်ယူမှု၊ တာဝန်သိမှု၊ ပွင့်လင်းမြင်သာမှုတို့နဲ့ လုပ်ဆောင်နိုင်မှုကြောင့် တရားဥပဒေစိုးမိုးပြီး ရေရှည်အစဉ်မပြတ်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်အခွန်စည်းကြပ်မှုတွင်လည်း E-Government စနစ်ပေါ်ပေါက်လာပါက မြန်ဆန်တိကျသော စီမံခန့်ခွဲနိုင်မှုကြောင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာဟာလည်း တိုးတက်လာမှာဖြစ်ပါတယ်။ အကောင်အထည်ဖော်မှုများကို စောင့်ကြည့်အကဲဖြတ်ရန်နှင့် စောင့်ကြည့်တာဝန်ယူနိုင်ရန် E-Government စနစ်ကသာ အကောင်းဆုံးဖြစ်ကြောင်းကိုလည်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

**မှူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ E-Government စနစ်ဖော်ဆောင်တဲ့နေရာမှာ စိန်ခေါ်မှုများကတော့ Online Service များ နိမ့်ကျနေခြင်း၊ Telecom Infrastructure များ လိုအပ်နေခြင်း၊ Human Capital နှင့် Financial များလိုအပ်နေခြင်း၊ Technology များ အားနည်းနေခြင်း၊ Electrical Power နှင့် Quality Control များ နိမ့်ကျနေခြင်းတို့ ရှိတယ်ဆိုတာ တွေ့ရှိရပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ E-Government စနစ်ကျင့်သုံးရန် ကြိုတင်လုပ်ဆောင်ထားသင့်တာတွေကတော့ မူဝါဒများ၊ ဥပဒေများ၊ အဖွဲ့အစည်းများဖွဲ့စည်းသတ်မှတ်ခြင်း၊ နည်းပညာ၊ အခြေခံအဆောက်အအုံများဖွဲ့စည်းတည်ဆောက်ခြင်း၊ သတင်းအချက်အလက်များစုစည်းခြင်း၊ စံနှုန်းသတ်မှတ်ခြင်း၊ အသုံးချ Application များကိုတည်ဆောက်ခြင်း၊ ကွန်ရက်ချိတ်ဆက်မှုစနစ်အားကောင်းအောင် သုတေသနပြုခြင်းနှင့် ဖြစ်နိုင်ခြေကွန်ရက်များတည်ဆောက်ထားခြင်း၊ အသုံးပြုသူများနှင့် ဝန်ဆောင်မှုပေးသူများကို နည်းပညာကျွမ်းကျင်မှုများ၊ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာစေရန် အစီအမံလုပ်ဆောင်ထားစေခြင်း၊ ဝန်ကြီးဌာနအလိုက် သတ်မှတ်ချက်များဖွဲ့စည်းထားခြင်း၊ လုပ်ငန်းစဉ်များကို အချိန်ဇယားဆွဲ၍ မဟာဗျူဟာကျကျ ချမှတ်ဆောင်ရွက်ထားသင့်ကြောင်းနှင့် ကျွန်တော်တို့နိုင်ငံ၏ ကဏ္ဍအသီးသီးတွင် Professional ဖြစ်အောင် လုပ်ဆောင်ထားခြင်းများကိုလည်း တင်ပြဆွေးနွေးအပ်ပါတယ်။ သို့ဖြစ်ပါ၍ အချုပ်အားဖြင့်ပြောရလျှင် ဒီမိုကရေစီမြှင့်တင်ရေး၊ E- Government စနစ်ကိုအားပေး၊ မြန်မာနိုင်ငံအစဉ်မပြတ်တိုးတက်ရေး၊ E- Government စနစ်ကျင့်သုံးရေး အစိုးရမှဖော်ဆောင်ပေးဟူ၍ ပြောကြားရင်းနဲ့ ကျွန်တော့်အနေနဲ့ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေရဲ့အဆိုကို လေးလေးနက်နက် ဆွေးနွေးထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်သိန်း(ဗန်းမော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဗန်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းဖြစ်ပါတယ်။ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ၏ အဆိုကိုထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ တိုင်းပြည်တစ်ပြည်၏ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတဲ့အထဲမှာ အချက်(၃)ချက်ရှိပါတယ်။ Power Supply, Communication, Transportation ဆိုတဲ့အချက်တွေပဲ ဖြစ်ပါတယ်။ လျှပ်စစ်အလုံအလောက်ရရှိရေး၊ တစ်ယောက်နဲ့တစ်ယောက်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံဆက်သွယ်

ရေး၊ လမ်းပန်းပို့ဆောင်ဆက်သွယ်ရေးဆိုတဲ့ အဓိကအချက်တွေဟာ အရေးကြီးပါတယ်။ အဲဒီအထဲမှာ နံပါတ်(၂)အချက်ဖြစ်တဲ့ Communication ဆက်သွယ်ရေးဆိုတဲ့ အချက်ထဲမှာ E- Government အကြောင်းကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ E- Government ဆိုတာကတော့ သမားရိုးကျ လုပ်ဆောင်နေတဲ့ အစိုးရလုပ်ငန်းများနှင့် ဝန်ဆောင်မှုများကို Information and Communication Technology(ICT) နည်းပညာအသုံးချ၍ ပြည်သူ့အခန်းကဏ္ဍအား ဝန်ဆောင်မှုပေးရာတွင် ပိုမို ကောင်းမွန်အောင်လုပ်ဆောင်ခြင်းလို့ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါတယ်။ E- Government မှာပါဝင်တဲ့ အစိတ်အပိုင်းတွေကတော့ မူဝါဒ၊ ဥပဒေနဲ့အဖွဲ့အစည်းများဖွဲ့စည်းသတ်မှတ်ခြင်း၊ နည်းပညာအခြေခံ အဆောက်အဦများ ဖွဲ့စည်းတည်ဆောက်ခြင်း၊ သတင်းအချက်အလက်များစုစည်းခြင်း၊ စံစနစ်သတ် မှတ်ခြင်း၊ အသုံးချ Application များတည်ဆောက်ခြင်း၊ ဖြစ်နိုင်ခြေရှိတဲ့ ကွန်ရက်ချိတ်ဆက်မှုများကို တင်ပြခြင်း၊ အသုံးပြုသူများနှင့် ဝန်ဆောင်မှုပေးသူများရဲ့ နည်းပညာကျွမ်းကျင်မှု၊ လူ့စွမ်းအားအရင်း အမြစ်များ တိုးတက်စေရန် တင်ပြခြင်းတို့ပဲဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မူဝါဒဥပဒေ အဖွဲ့အစည်းများ သတ်မှတ်ခြင်းမှာ ပြည့်စုံတဲ့မူဝါဒနဲ့ဥပဒေများ၊ E- Government စနစ် ပင်မအစီအမံ မဟာဗျူဟာ(Master Plan)ဖန်တီး၍ လက်ရှိအစိုးရ၏လုပ်ငန်းဆောင်တာများ ဆောင်ရွက်မှုအဆင့်ဆင့် ကို Electronic ဝန်ဆောင်မှုကို ပြောင်းလဲဆောင်ရွက်ခြင်း ဖော်ဆောင်ပေးနိုင်တဲ့အစိတ်အပိုင်းပဲ ဖြစ်ပါ တယ်။ နည်းပညာအခြေခံအဆောက်အဦများ ဖွဲ့စည်းတည်ဆောက်ခြင်းဆိုတာ ခေတ်နဲ့အညီ ရင်ပေါင်တန်းနိုင်တဲ့နည်းပညာများ၊ ဥပမာအားဖြင့် Cloud နည်းပညာအသုံးပြု၍ G2G (Government to Government)အစိုးရအချင်းချင်းချိတ်ဆက်၍ တိကျမြန်ဆန်သော အစိုးရ လုပ်ငန်းစဉ်များဖြစ်ပေါ်စေရန် ဖြစ်တယ်။ G2B(Government to Business)အစိုးရမှ သတင်း အချက်အလက်များနှင့် ဝန်ဆောင်မှုများ၊ စီးပွားရေးဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ချက်များ ကို စီးပွားရေးလုပ်ငန်းများမှ လွယ်ကူလျင်မြန်စွာရယူနိုင်ရန်၊ G2C(Government to Citizen) အစိုးရမှ သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုများကို ပြည်သူလူထုမှ လွယ်ကူလျင်မြန်စွာ ရယူပြီး ICT နည်းပညာအသုံးပြုနိုင်ရန် ကွန်ရက်ချိတ်ဆက်ခြင်းကို ဖော်ဆောင်ပေးရန် လိုအပ်သောအစိတ် အပိုင်းများဖြစ်ပါတယ်။ သတင်းအချက်အလက်များစုစည်းခြင်း၊ စံစနစ်များသတ်မှတ်ခြင်း၊ လက်ရှိအသုံး ပြုနေတဲ့ အစိုးရဝန်ကြီးဌာနများရဲ့ သတင်းအချက်အလက်များကို စံစနစ်သတ်မှတ်ပြီး Electronic စနစ်ကို ပြောင်းလဲသိမ်းဆည်းရန်အတွက် ပြင်ဆင်ဆောင်ရွက်ခြင်းအစိတ်အပိုင်းပဲဖြစ်ပါတယ်။

အသုံးချ Application များတည်ဆောက်ခြင်း၊ စံစနစ်သတ်မှတ်၍ သိမ်းဆည်းထားတဲ့ သတင်းအချက်အလက်များကို ပြည်သူများအသုံးချနိုင်ရန် သို့မဟုတ် ဝန်ကြီးဌာနအကြား ICT နည်းပညာသုံး၍ လွယ်ကူစွာအသုံးပြုနိုင်ရန် ဖော်ဆောင်ပေးတဲ့ Application များတည်ဆောက်ခြင်း အစိတ်အပိုင်းပဲ ဖြစ်ပါတယ်။ ဥပမာအားဖြင့် E-mail, Document, Management System, Customer Relation Management, Website, Web Service တွေဖြစ်ပါတယ်။ ဖြစ်နိုင်ခြေရှိတဲ့ ကွန်ရက်ချိတ်ဆက်မှုစနစ်များတင်ပြခြင်း၊ အထက်ပါ အသုံးချ Application များကို ပြည်သူများ လုပ်ငန်းများလုပ်ဆောင်အသုံးပြုနိုင်ရန်အတွက် ကွန်ရက်ချိတ်ဆက်မှုစနစ်ကို ဖော်ဆောင်ပေးသော အစိတ်အပိုင်းဖြစ်ပါတယ်။ ဥပမာအားဖြင့် Call Center, Web portal တို့ပဲ ဖြစ်ပါတယ်။ အသုံးပြုသူ များဝန်ဆောင်မှုပေးသူများရဲ့ နည်းပညာကျွမ်းကျင်မှု၊ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်စေရန် တင်ပြခြင်း၊ အသုံးပြုတဲ့ပြည်သူများ၊ ဝန်ဆောင်မှုပေးသူများ နည်းပညာကျွမ်းကျင်မှု ICT လူ့စွမ်းအား အရင်းအမြစ်များဆောင်ရန်၊ ရှောင်ရန်နှင့် ICT ဗဟုသုတတိုးပွားစေရန် စီမံဆောင်ရွက်ပေးမှု ဖော်ဆောင်တဲ့အစိတ်အပိုင်းပဲဖြစ်ပါတယ်။ E- Government စနစ် အောင်မြင်နေတဲ့ အချက်များမှာ ကျတော့ ဦးဆောင်သူမှ ရှင်းလင်းပြတ်သားသောအမြင် ချမှတ်နိုင်ခြင်း၊ ပြည်သူကိုဗဟိုပြု၍ ပြည်သူ့၏ အထောက်အပံ့ရရှိစေနိုင်ခြင်း၊ ရလဒ်ကိုမူတည်၍ ဆောင်ရွက်သောလုပ်ငန်းပုံစံဖြစ်စေခြင်း၊ မှန်ကန် ကောင်းမွန်သော နည်းဗျူဟာများချမှတ်၍ လုပ်ငန်းဆောင်ရွက်ခြင်းတို့သည် E- Government စနစ် အောင်မြင်စေသော ပထမမဏ္ဍိုင်ပဲဖြစ်ပါတယ်။ Process မှန်ကန်တဲ့လုပ်ငန်းစဉ်ကပြောမယ်ဆိုရင် E-Government စနစ်အောင်မြင်တဲ့ ဒုတိယမဏ္ဍိုင်အဖြစ် လိုအပ်ချက်မှာတော့ စီမံခန့်ခွဲရေးပုံစံ ပြောင်းလဲရန် အစီအစဉ်ကောင်းရှိခြင်း၊ အုပ်ချုပ်မှုယန္တရားပြုပြင်ပြောင်းလဲရန် အစီအစဉ်ကောင်းရှိ ခြင်း၊ အစီအစဉ် စီမံအုပ်ချုပ်မှုကောင်းမွန်ခြင်း၊ စံစနစ်သတ်မှတ်ခြင်းတို့ပဲဖြစ်ပါတယ်။ နည်းပညာ (Technology) အားဖြင့်ပြောမယ်ဆိုရင် E- Government စနစ်အောင်မြင်စေတဲ့ အဓိကတတိယ မဏ္ဍိုင်ဖြစ်တဲ့လိုအပ်ချက်များမှာ နည်းပညာလိုအပ်မှုနဲ့ စီမံခန့်ခွဲမှုတို့သည် ထိုနည်းပညာစီမံခန့်ခွဲမှု အောင်မြင်စေရန် အဓိကလိုအပ်ချက်များဖြစ်သော တူညီသောဘုံအသုံးချ Application များ ပေါင်းစပ်အသုံးချနိုင်မှု၊ တူညီသောသတင်းအချက်အလက်များ သိမ်းဆည်းမှုများပြုလုပ်စေနိုင်မှု၊ နည်းပညာအခြေခံအဆောက်အဦများ ခွဲဝေသုံးစွဲစေနိုင်ရန် စီစဉ်ဆောင်ရွက်မှု၊ သတင်းအချက် အလက်၊ လုံခြုံရေးနှင့် အန္တရာယ်မှကာကွယ်ပေးနိုင်မှု၊ စံစနစ်ရှိသော သတင်းအချက်အလက်များ ပြင်ဆင်နိုင်ခြင်းတို့ ပါဝင်ပါတယ်။

**မူကြမ်း**

အရင်းအမြစ် Resource အားဖြင့်ပြောမယ်ဆိုရင် E- Government အောင်မြင်စေနိုင်တဲ့ နောက်ဆုံးမဏ္ဍိုင်ဖြစ်တဲ့ အောက်ဖော်ပြပါအရင်းအမြစ်များ လိုအပ်ပါတယ်။ ဘဏ္ဍာရေးအထောက် အပံ့အရင်းအမြစ်၊ လူသားအရင်းအမြစ်၊ လုပ်ငန်းကျွမ်းကျင်မှု ဆိုင်ရာဖွံ့ဖြိုးတိုးတက်ခြင်း၊ အသိဉာဏ် ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု၊ အစိုးရကပူးပေါင်းပါဝင်မှုတို့ပဲ ဖြစ်ပါတယ်။ အခုဆိုရင် မြန်မာ့ဆက်သွယ် ရေးလုပ်ငန်း၊ ရတနာပုံတယ်လီပို့၊ ဆောင်ရွက်ဆဲ ISP ကုမ္ပဏီ၊ တယ်လီနော၊ အူရီဒူး၊ မြန်မာနိုင်ငံမှာ ၂၀၁၆ ခုနှစ်၊ ဇွန်လအထိ တယ်လီဖုန်းသိပ်သည်းဆမှာ ၈၉.၃၈ ရာခိုင်နှုန်း၊ တယ်လီဖုန်းသုံးစွဲသူ အရေအတွက်အားဖြင့် ကြိုးဖုန်း ၀.၅၂ သန်းနှင့် မိုဘိုင်းဖုန်း အသုံးပြုမှုမှာ ၄၃.၇ သန်း စုစုပေါင်း အရေအတွက် ၄၄.၂၄ သန်း ရှိပါတယ်။ အင်တာနက်အသုံးပြုမှုနဲ့ စုစုပေါင်း ၃၉ သန်းရှိပြီး အများစု မိုဘိုင်းဖုန်း 3G Internet ကို အသုံးပြုနေပြီဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက်နေ့မှာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးဂြိုလ်တု ငှားရမ်းအသုံးပြုနိုင်ရန်အတွက် Myanmar Sat One Satellite Venture Lease Agreement ကို လက်မှတ်ရေးထိုးခဲ့တာ ဖြစ်ပါတယ်။ အဲဒီလို E- Government ကို ပြုလုပ်ဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံရဲ့အစိုးရ ဘဏ်လုပ်ငန်းများ ပိုမိုလျှင်မြန်ခြင်း၊ အကောက်ခွန်စနစ်များလည်း တိကျသေချာခြင်းဖြင့် နိုင်ငံ့ဝင် ငွေခွန် ပိုမိုတိကျစွာရရှိခြင်း၊ အဂတိလိုက်စားခြင်းများ လျော့နည်းစေခြင်းဖြင့် မှတ်ပုံတင်ပြုလုပ်ရာ တွင်လည်းကောင်း၊ ပြစ်မှုဆိုင်ရာဖော်ထုတ်ရာ၌လည်းကောင်း လျင်မြန်လွယ်ကူခြင်း၊ စီးပွားရေးလုပ် ဆောင်တဲ့ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် သယံဇာတပစ္စည်းများနှင့် ပတ်သက်သော အကောက်ခွန်များပိုမိုရရှိပြီး တိကျလျင်မြန်ခြင်း၊ ယိုဖိတ်ခြင်း၊ လျော့နည်းလာခြင်း ဤကဲ့သို့အကျိုး ကျေးဇူးများ ရရှိမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ညြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြစ်သားမဲဆန္ဒနယ်က ဒေါက်တာလင်းလင်းကျော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော်ပဲ ဖြစ်ပါ တယ်။ ကျွန်တော်အနေနဲ့ ဦးနေဖူးဗဆွေရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီအပိုင်းသုံးပိုင်းခွဲခြားပြီးဆွေးနွေးမယ့်အထဲ က ကျွန်တော်ပထမဦးဆုံးတင်ပြချင်တာကတော့ ကျွန်တော်တို့ရဲ့ အိမ်မက်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့

အဆိုရှင်ရဲ့ မျှော်လင့်ချက်၊ ကျွန်တော်တို့ ပြည်သူတွေရဲ့အိမ်မက်ပါ။ ဥပမာအနေနဲ့ ပြောရရင် ပြည်သူတစ်ယောက်ဆိုလို့ရှိရင် ကျွန်တော့်အနေနဲ့ ဘာမှအပန်းမကြီးဘဲနဲ့ ကျွန်တော် ဖုန်းလေး၊ ကွန်ပျူတာလေး၊ Tablet လေးကိုသုံးပြီးတော့ ကျွန်တော် Driving လိုင်စင်သက်တမ်းတိုးမယ်။ ပက်စပို့စ်သက်တမ်းတိုးမယ်။ ကျွန်တော့်သား၊ သမီးကာကွယ်ဆေးထိုးဖို့ ရက်ကိုကြည့်မယ်။ ဒီပစ္စည်းတွေကနေတစ်ဆင့် ကျွန်တော်ပညာဆက်သင်မယ်။ ပါရဂူဘွဲ့ယူမယ်။ နောက်အစိုးရက ထုတ်ပြန်ထားတဲ့ အညွှန်းကိန်းတွေကို ကျွန်တော်ကြည့်မယ်။ စိတ်ထဲမှာ သိပ်ပြီးတော့ ဒီအစိုးရ လုပ်ဆောင်ချက်တွေကို မကျေနပ်လို့ထောက်ပြစရာရှိလို့ရှိရင် ကျွန်တော်တို့ e-mail ကသော်လည်းကောင်း၊ ဖုန်းအားသော်လည်းကောင်း၊ ဒီ Application ကသော်လည်းကောင်း ကျွန်တော်တို့ ဝေဖန်အကြံပြုမယ်၊ ဖြေရှင်းချက်တောင်းမယ်။ ကျွန်တော်လစာထုတ်ရင် ကျွန်တော်လစာက Bank Account ထဲကို သူ့ဟာသူ Auto ရောက်သွားမယ်။ ရောက်သွားတဲ့အခါမှာ ကျွန်တော်လစာထဲက ပေးသင့်တဲ့အခွန်ငွေတွေအကုန်လုံးသည် နိုင်ငံတော်ရဲ့ Account ထဲကို သူ့ဟာသူ Auto ရောက်သွားမယ်။ နောက် ကျွန်တော်လစဉ်ပေးစရာရှိတဲ့ ကျွန်တော် Insurance တို့၊ ဒီ Installment နဲ့ဝယ်ထားတဲ့ဟာတွေက သူ့သက်ဆိုင်ရာကုမ္ပဏီတွေကို ရောက်သွားပါတယ်။ ဒီလိုဘာမှအပန်းမကြီးတဲ့ ဝန်ဆောင်မှုမျိုးကို လာဘ်ပေးလာဘ်ယူမှုကင်းတဲ့ ဝန်ဆောင်မှုမျိုးကို ပြည်သူတိုင်းလိုချင်တယ်လို့ ကျွန်တော်ယုံကြည် ပါတယ်ခင်ဗျား။

ဒုတိယဆွေးနွေးမယ့်အပိုင်းကတော့ ကျွန်တော်တို့ လက်ရှိရဲ့ ပကတိအခြေအနေအရပါ။ ကျွန်တော် ဒီအဆိုတင်တဲ့နေ့ကနေပြီးတော့ နှစ်နေ့လယ်လုံးလုံး Myanmar Web Portal Union အဆင့်၊ ပြည်ထောင်စုအဆင့် Website ၅၁ ခုကို ကျွန်တော် လေ့လာကြည့်ပါတယ်။ လေ့လာကြည့်တဲ့အခါမှာ ဝမ်းနည်းစရာကောင်းတာက ဒီပြည်ထောင်စုအဆင့် Website ၅၀ မှာ ၃၀ ပဲ အလုပ်လုပ်ပြီး ၂၁ တစ်ခုကတော့ တော်တော်ကိုအခြေအနေဆိုးနေတာကို တွေ့ရပါတယ်။ ဒါလုံးဝ မဖြစ်သင့်ပါဘူး။ ကျွန်တော်တို့ ကြည့်တဲ့အခါမှာ စိတ်ကျေနပ်စရာမတွေ့တာတို့ Data တွေက Up to Date မဖြစ်တာတို့ ဝင်လိုက်တဲ့အခါမှာ Out of Date တို့၊ 404 Error တို့၊ Connection Server time out တို့ ဒါမျိုးတွေဖြစ်နေတာ ပြည်ထောင်စုအဆင့်မှာ ဒီလောက်အနေအထားကိုတော့ လုံးဝမဖြစ်သင့်တဲ့အချိန်ပါ။ ဒါကတော့ E-mail Address လိပ်စာရှိပြီးတော့ ဝင်မရတဲ့ဟာတွေပါ ဒီ Website တွေက ဝင်လို့တော့ရတယ်။ လွန်ခဲ့တဲ့ ခြောက်လရှစ်လလောက်ကတည်းပင် ဘာမှကို

Update လုပ်မထားတဲ့ Website တွေပါ။ ပြည်ထောင်စု Level မှာ ဒီနေ့ ဒီခေတ် ဒီအချိန်မှာ ဘယ်လိုမှမဖြစ်သင့်တဲ့ အချိန်ပါ။

ဒီစာအုပ်ပုံကြီးကတော့ Annual ဘတ်ဂျက်ပါ။ သေချာစိစစ်မယ်ဆိုရင် တော်တော် တော်တဲ့သူဆိုရင်တောင်မှ ဒီစာအုပ်ပုံကြီးထဲမှာ တဝဲဝဲနဲ့ ချာချာလည်ပြီး အချိန်တော်တော် ပေးရမယ်လို့ထင်ပါတယ်။ ကျွန်တော်ဒီဟာတွေကို နောက်ဆုံးအနေနဲ့ အကြံပြုချင်တာကတော့ လွှတ်တော်ကကော e-Parliament မဖြစ်သင့်ဘူးလား။ ဖြစ်သင့်နေပါပြီ။ လွှတ်တော် လွှတ်တော် အချင်းချင်း၊ လွှတ်တော်နဲ့ ကိုယ်စားလှယ်၊ ကိုယ်စားလှယ် ကိုယ်စားလှယ်အချင်းချင်း၊ လွှတ်တော်နဲ့ မဲဆန္ဒရှင်၊ မဲဆန္ဒရှင်နဲ့ လွှတ်တော်၊ ကိုယ်စားလှယ်နဲ့ မဲဆန္ဒရှင်၊ မဲဆန္ဒရှင်နဲ့ ကိုယ်စားလှယ် ဒီလို Information တွေ ပေးနိုင်ဖို့အတွက် ကျွန်တော်တို့ ဒီ Application တွေ၊ Program တွေ Developed လုပ်ဖို့ လိုပါပြီလို့ အကြံပြုလိုပါတယ်။ အဲဒီလို e-Parliament အဆင့်မရောက် ရင်တောင်မှ နောက်တစ်ခါ Taxation တို့ ၊ Annual National Plan တို့၊ Annual Budget တို့ ပေးတဲ့အခါမှာ ဒီလိုစာအုပ်ပုံအပြင် ဒီ Paper Clip လောက်ရှိတဲ့ Memory Stick နဲ့ဖြစ်စေ၊ CD နဲ့ဖြစ်စေ ကျွန်တော်တို့ Soft ဖိုင်ပေးစေချင်ပါတယ်။ Program အကြီးကြီးတွေ မပေးတောင်မှ Microsoft Excel လောက်နဲ့ပေးမယ်ဆိုရင် ကျွန်တော်တို့က မနှစ်ကဒီဝန်ကြီးဌာနက ဘယ်လောက် သုံးထားတယ်။ ဒီနှစ် ဘယ်လောက်သုံးထားတယ်။ ဒီဝန်ကြီးဌာနက ကွန်ပျူတာတစ်လုံး ကိုနှစ်သိန်း ကျတယ်။ ဟိုဘက်ကနှစ်သိန်းခွဲကျတယ်။ ဒါတွေကို ကျွန်တော်တို့ သေချာစိစစ်နိုင်မှာဖြစ်ပါတယ်။ ဒီ Hard Copy နဲ့ ဘယ်လိုမှစိစစ်ဖို့ မလွယ်ကူနိုင်ပါဘူးခင်ဗျား။ ဒါလေးကိုတော့ လေးလေးနက်နက် တောင်းဆိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီဟာက နာမည်ကြီးလုပ်ငန်းရှင်တစ်ယောက်ရဲ့ အဆိုပြု ချက်ပါ။ အပေါ်ကနေပြီးတော့ ဗဟိုအဆင့်ဆင့်၊ ကော်မတီတွေဖွဲ့ရမှာ မှန်သော်လည်းပဲ ကျွန်တော်တို့ အနေနဲ့က တကယ်ထိရောက်ပြီးတော့ ပွင့်လင်းမြင်သာတဲ့ ဝန်ဆောင်မှု ကိုလိုချင်တယ်။ E-Government ကိုသွားချင်တယ်ဆိုရင်တော့ Government Process Re-engineering ကို လုပ်ဖို့လိုပါတယ်လို့ ပြောထားပါတယ်။ ကျွန်တော် လေးလေးနက်နက်ထောက်ခံပါတယ်ခင်ဗျား။ နောက်တစ်ခုက ကျွန်တော်တို့ Team Spirit ရှိဖို့လိုပါတယ်။ ကျွန်တော်တို့က အစိုးရရှိမယ်၊ ဒီဟာကြီးက ကြီးမားတဲ့အတွက်ကြောင့် Private Sector ရှိမယ်။ နောက် ပြည်တွင်းက ပညာရှင် တွေရှိမယ်။ နိုင်ငံတကာက ပညာရှင်တွေရှိမယ်။ ဒီလူတွေအားလုံးဟာ ညှိညှိနှိုင်းနှိုင်းနဲ့ ဘုံသဘောတူ ညီချက်ရအောင် သွားကိုသွားရမှာဖြစ်ပါတယ်။ အဲဒီလို Team Spirit မရှိလို့ရှိရင် ကျွန်တော်တို့

အခုလက်ရှိဖြစ်နေတဲ့ Font ပြဿနာဆိုလို့ ကျွန်တော်တို့က Font ကနှစ်မျိုးလောက် ဖြစ်ပြီးတော့ User တွေသုံးရတာလည်း အဆင်မပြေ၊ နိုင်ငံလည်းအကျိုးမရှိ၊ ဒါလက်တွေ့ဖြစ်နေတဲ့ ပြဿနာပါ။ နောက်တစ်ခု Leap ပါ။ ကိုနိုင်ထူးအောင်ရှင်းလင်းသွားသလိုပဲ ကျွန်တော်တို့က အခုလက်ရှိ ပကတိ ဘယ်နေရာမှာပဲ၊ ဘယ် Stage မှာပဲ၊ ဘယ် Age မှာပဲရောက်နေနေ E-Government ဖြစ်အောင် Leap Frog၊ Leap like the Kangaroo ကျွန်တော်တို့ Great leap တွေလုပ်ဖို့လိုပါတယ်။ နောက်ဆုံး ကျွန်တော်ဆွေးနွေးလိုတဲ့အချက်ကတော့ ဒီ E-Government ကိုသွားဖို့အတွက် ငွေအရရော၊ နည်းပညာအရရော အများကြီးရင်းနှီးရမယ်ဆိုတာမှန်ပါတယ်။ သို့သော် ကျွန်တော်တို့အနေနဲ့က ဒီလောက်ကောင်းနေတဲ့အချိန်မှာ ကျွန်တော်တို့ အစိုးရသစ်အနေနဲ့ ဒီအရှိန်အဟုန်မြှင့်မြှင့်နဲ့ ဒီ First Step ကို (ပထမဦးခြေလှမ်း)ကို အရှိန်အဟုန်မြှင့်ပြီးတော့ E-Government ဆီကို သွားကြပါစို့လို့ ကျွန်တော်တိုက်တွန်းရင်းနဲ့ ဦးနေဖူးဗဆွေရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအကြံပြု ဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မာအောင်(ရန်ကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်မအနေနဲ့ အဆိုရှင် ဦးနေဖူးဗဆွေရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်၊ ကျွန်မကို Power Point အသုံးပြုခွင့်ပြုပါရှင်။ ဒီနေ့ခေတ်လို လူဦးရေနှင့် နည်းပညာပေါက်ကွဲနှုန်းမြန်ဆန်လာတဲ့ခေတ်မှာ ဒီကမ္ဘာ ပေါ်မှာရှိတဲ့ အစိုးရတွေအနေနဲ့က အုပ်ချုပ်ရေးစွမ်းရည်ပြည့်ဝဖို့နဲ့ ပြည်သူလူထုကို အကောင်းဆုံး ဝန်ဆောင်မှုတွေပေးနိုင်ဖို့ရာမှာ စိန်ခေါ်မှုအသစ်တွေ အများကြီးရှိလာနေပါတယ်။ တကယ်တော့ အဲဒီစိန်ခေါ်မှုတွေကို ပြန်လည်ဖြေရှင်း**တုံ့**ပြန်နိုင်ဖို့ရာမှာ ဒီသတင်းအချက်အလက်နှင့် နည်းပညာကို သုံးပြီးတော့ ဆောင်ရွက်ကြတာကို E-Government လို့ ခေါ်ပါတယ်။ တကယ်တောE-Government ဆိုတာ ပန်းတိုင်လို့ ကျွန်မတို့ မထင်စေချင်ပါဘူး။ ပန်းတိုင်မဟုတ်ပါဘူး။ အစိုးရတစ်ရပ်ရဲ့ ရည်ရွယ်ချက်တွေကို ပြည့်မြောက်ဖို့ရာမှာ အသုံးပြုရမယ့်နည်းလမ်းတစ်ခု Tool တစ်ခုလို့ပဲ ကျွန်မက မြင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မလေ့လာကြည့်တဲ့အခါမှာ ဒီ E-Government ကိုအခြေခံထားတဲ့ အချက်နှစ်ချက်ရှိပါတယ်။ ပထမအချက်က ဘာလဲဆိုလို့ရှိရင် Right to Know လို့ ခေါ်တဲ့ ဒီသတင်းအချက်အလက်တွေကို သိရှိပိုင်ခွင့်ဖြစ်ပါတယ်။ နောက်တစ်ချက်က ဘာလဲဆိုလို့ရှိရင် Open

Data ပါ။ သတင်းအချက်အလက်တွေတော့ ရှိတယ်။ အဲဒီအချက်အလက်တွေက ဘယ်လောက် ပွင့်ပွင့်လင်းလင်းနဲ့ အများပြည်သူသိရှိခွင့် ရနိုင်မလဲပေါ့။ Open Data ဒီအချက်နှစ်ချက်နဲ့ တိုင်းတာပါတယ်။ ဆိုတော့ Open Data နဲ့ပတ်သက်လို့ကိုတော့ ဒီကျွန်မ Power Point မှာ ပြထားသလိုပါပဲ။ ခုန ဒေါက်တာလင်းလင်းကျော် ဆွေးနွေးသွားတာရှိပါတယ်။ အစိုးရ Website တွေတော့ရှိပြီ။ ရှိနေရုံနဲ့ ကျွန်မတို့က E-Government ဖြစ်ပြီလားလို့ ပြောလို့ရပြီလား။ မရပါဘူး။ Website များရှိခြင်းက အခြေခံအချက်တစ်ချက် ဟုတ်ပြီ။ နောက် Website ပေါ်မှာရှိတဲ့ သတင်းအချက်အလက်တွေက စနစ်တကျကောရှိရဲ့လား။ နောက်တစ်ခုက ရှိပြီးသား Website ပေါ်က Data တွေကို ကျွန်မတို့က လိုအပ်ရင်လိုအပ်သလို PDF File၊ Word File တို့ ပုံစံပြောင်းပြီးတော့ ရယူနိုင်ခြင်းရှိ/မရှိ တိုင်းတာရပါတယ်။ နောက်တစ်ခုမှာ ဘာလဲဆိုတော့ One Stop Service ပါ။ Online ပေါ်မှာလည်းရရမယ်။ ဝန်ကြီးဌာနအချင်းချင်း ချိတ်ဆက်ထားတဲ့ Link တွေရောရှိရဲ့လား။ အခု ကျွန်မတို့မြို့နယ်တွေမှာ One Stop Service တွေ လုပ်နေတယ်လို့ဆိုပါတယ်။ ဒါပေမဲ့ Pro-Active မဖြစ်ဘူး။ လူထုကို ထိုင်စောင့်နေတယ်။ လူထုကလည်း One Stop Service ဆိုတာ ဆိုင်းဘုတ်ကြီးပဲတွေ့ပြီးတော့ အထဲမှာ တကယ်အလုပ်မလုပ် ကျွန်မတို့မြို့နယ်တွေမှာ တကယ့်ကို အလုပ်မဖြစ်ပါဘူး။ ဒီဆိုင်ဘုတ်ကြီးပဲရှိနေတယ်။ လုပ်တော့လုပ်တယ်။ တကယ်တော့ ဒီဆိုင်းဘုတ် သက်သက်ပဲ ဖြစ်နေတာ။ ဒါတွေက ကျွန်မတို့ ရင်ဆိုင်နေရတဲ့ လက်ရှိပကတိအနေအထားတွေပါ။ ဒီလို Website တွေတော့ရှိပြီ။ မှန်ပါတယ်။ ပြည်သူလူထုကကော ဘယ်လောက်များများ အဲဒီ Website Data တွေကို အသုံးပြုနေနိုင်ပြီသလဲဆိုတာ ဒါကလည်း နောက်ထပ်စဉ်းစားတိုင်းတာရမယ့် ဒီ E-Government ရဲ့ စံချိန်စံညွှန်းတွေဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ မြန်မာနိုင်ငံမှာလည်း ၂၀၁၁-၂၀၁၅ ခုနှစ်မှာ ဒီ ICT Master Plan ဆိုပြီးတော့ အကောင်အထည်ဖော်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီ Master Plan မတိုင်မီမှာဆိုလို့ရှိရင် ၂၀၀၅ ခုနှစ်ကနေပြီးတော့ ၂၀၁၀ ခုနှစ်များအတွင်းမှာ ဒီ Telephone အသုံးပြုတဲ့ လူဦးရေဟာ တစ်ရာခိုင်နှုန်းကနေပြီးတော့ ၅.၄ ရာခိုင်နှုန်းအထိ တိုးတက်လာတယ်ဆိုတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ အဲဒီထဲကမှ ဒီသုံးပုံနှစ်ပုံလောက်က Mobile Technology၊ Mobile ဖုန်းကို အသုံးပြုနေတာကို တွေ့ရပါတယ်။ ဒီနေရာမှာ ကျွန်မကတော့ အထူးသဖြင့် E-Government ရဲ့ကောင်းကျိုး ကတော့ ငြင်းပယ်စရာမရှိလောက်အောင်ပဲ အားလုံးသိပြီးသားဖြစ်တယ်။ ကျွန်မတို့လို ဖွံ့ဖြိုးပြီးနိုင်ငံတွေအနေနဲ့ E-Government ကို အကောင်အထည်ဖော်တဲ့နေရာမှာ ကြုံတွေ့ရနိုင်တဲ့

စိန်ခေါ်မှုတွေကို အဓိကထားပြီးတော့ ဆွေးနွေးသွားချင်ပါတယ်။ ပထမအချက်ကတော့ E-Government အကောင်အထည်ဖော်ရာမှာလည်း မလွဲမသွေကြုံရမယ့် စိန်ခေါ်မှုတွေဖြစ်ပါတယ်။ နောက် ဖွံ့ဖြိုးပြီးတော့ နောက်ကျတဲ့တိုင်းပြည်တွေအတွက်ဆိုလို့ရှိရင်တော့ ဘဏ္ဍာရေးဆိုင်ရာ စိန်ခေါ်မှုပါ။ နောက် အခြေခံအဆောက်အအုံနဲ့ဘဏ္ဍာရေးဟာလည်း ချိတ်ဆက်နေပါတယ်။ တတိယအချက်က Human Aspect ပါ။ လူသားဆီကနေလာတဲ့ စိန်ခေါ်မှု၊ ဥပမာ- ဒီ User အများစုဖြစ်တဲ့ စိန်ခေါ်မှု၊ ပြည်သူလူထုရဲ့ IT Literacy ကျွန်မတို့ဆီမှာ မေးခွန်းထုတ်စရာရှိပါတယ်။ အများကြီးပါ။ နောက်ဝန်ထမ်းတွေကိုယ်တိုင်မှာလည်း IT Capacity ဖွံ့ဖြိုးဖို့လိုအပ်ချက်ရှိပါတယ်။ ဒါကို Digital Device လို့ ပြောချင်လည်းရပါတယ်။ အဲဒီ Device ကကြီးပါတယ်။ နောက်တစ်ချက်က စတုတ္ထစိန်ခေါ်ချက်ကတော့ အဖွဲ့အစည်းပိုင်းဆိုင်ရာစွမ်းဆောင်ရည်ကနေလာပါတယ်။ ဒီ Organization Aspect ပါ။ Institutional Capacity လို့ ပြောရင်လည်းရပါတယ်။ အဲဒါကို ဘာလဲဆိုလို့ရှိရင် မှန်ကန်တဲ့ခေါင်းဆောင်မှုနဲ့ ပါဝင်ပတ်သက်သူ Stakeholder အားလုံးရဲ့ စွမ်းဆောင်ရည်၊ ဌာနဆိုင်ရာ အချင်းချင်းချိတ်ဆက်မှု အဲဒီအားနည်းနေတာတွေကလည်း E-Government မအောင်မြင်ရခြင်းရဲ့ အကြောင်းအရင်းတွေ ဖြစ်တယ်လို့ လေ့လာသူတွေက ထောက်ပြပြောဆိုကြပါတယ်။ ပဉ္စမအချက်အနေနဲ့ကတော့ Social Economic Aspect က လာပါတယ်။ လူမှုစီးပွားဆိုင်ရာအခြေအနေပါ။ ကျွန်မတို့လို အကျင့်ပျက်ခြစားမှုများတဲ့နိုင်ငံတွေမှာဆိုလို့ရှိရင် E-Government ကို အကောင်အထည်ဖော်ဖို့ ခက်တတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ E-Government အောင်မြင်လေလေ အကျင့်ပျက်ခြစားမှုတွေအတွက် နေရာမရှိလေလေပဲ ဖြစ်ပါတယ်။ အဲဒီတော့ အဲဒါကို Resistance လုပ်မယ့်သူက Human Aspect နဲ့ ချိတ်ဆက်ပြီးတော့ လာပါတယ်။ ဒါကြောင့်မို့လို့ E-Government ရှေ့ပြေးစီမံကိန်းတွေဟာ မြန်မာပြည်မှာရှိခဲ့ပေမယ့်လည်း ရပ်သွားတတ်တယ်။ အလုပ်မဖြစ်ပါဘူး။ E-Government ဆိုပြီးတော့ Respond တွေလာတဲ့အခါမှာ ပထမ Pilot Project တွေမှာတင် ရပ်သွားတာကို တွေ့ရပါတယ်။ ဒါက Human Aspect နဲ့ Social Economic Aspect တွေက နေလာတာဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်မတို့ ဘယ်လိုကျော်လွှားမလဲဆိုတာ စဉ်းစားရပါတယ်။ အဲဒီတော့ ရှေ့ကဖော်ပြပါအချက်တွေကို ကောင်းကောင်းကိုင်တွယ်ဖြေရှင်းနိုင်မယ့် နောက်ဆုံးအချက်ကတော့ ခုန Political Aspect က လာပါတယ်။ နိုင်ငံရေးခေါင်းဆောင်မှုနဲ့ ကောင်းမွန်တဲ့ ခေါင်းဆောင်မှုတွေရှိဖို့လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီလက်တွေ့ကျကျ ပြောရမယ်ဆိုရင် ဖော်ပြပါစိန်ခေါ်မှုတွေကို တစ်ပြိုင်နက်တည်း ကိုင်တွယ်ဖြေရှင်းဖို့တော့ ဒါ အင်မတန် ကြီးမားကျယ်ပြန့်တဲ့ လုပ်ငန်းစဉ်ကြီးဖြစ်တယ်ဆိုတာကို တွေ့ရမှာ ဖြစ်ပါတယ်။ စဉ်ဆက်မပြတ် ရေတိုရေရှည်ရည်မှန်းချက်တွေ ထားပြီးတော့ ဖြေရှင်းဆောင်ရွက်ရမယ့်ကိစ္စလည်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မအနေနဲ့ကတော့ စိန်ခေါ်မှုတွေကို လျှော့မတွက်စေချင်တာပါ။ ဒီ E-Government ကို ထောက်ခံပါတယ်။ ဒါပေမဲ့ မျှော်လင့်စရာ ကောင်းတာတစ်ချက်ကတော့ ဘာလဲဆိုတော့ ဒီစိန်ခေါ်မှုတွေရှိနေငြားသော်လည်း E-Government ကို အထောက်အကူပြုနိုင်ဖို့ M-Government လို့ ပြောလို့ရပါတယ်။ ဒီ Mobile နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာတာနဲ့အမျှ E-Government ကိုသွားတဲ့အခါမှာ အထောက်အကူဖြစ်စေနိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့လို အခု Mobile ဖုန်းအသုံးပြုတဲ့သူတွေများတဲ့ နိုင်ငံတွေမှာ သုံးလို့ရနေပါပြီ။ ဒါကြောင့်မို့လို့ အဆိုရှင် ဦးနေဖူးဗဆွေရဲ့အဆိုကို အကြံပြုထောက်ခံ ဆွေးနွေးလိုက်ရပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကျန်းမာချမ်းသာကြပါစေ။ ကျွန်မကတော့ ကယားပြည်နယ်၊ လှိုင်ကော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေဖူးဗဆွေရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဦးစွာ E-Government ဆိုတာကို ကျွန်မနားလည်သလိုပြောပြရမယ်ဆိုရင် အများပြည်သူဆိုင်ရာတာဝန်ဝတ္တရားများကို အစိုးရက ကျွမ်းကျင်စွာနဲ့ အကျိုးရှိရှိထောက်ပံ့နိုင်ဖို့အတွက် အုပ်ချုပ်ရေးနှင့်ဒီမိုကရေစီလုပ်ငန်းများကို သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာနှင့်သုံးစွဲပြီး Electronic စနစ်များနှင့် ကိုင်တွယ်ဆောင်ရွက်ဖို့ပဲဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါရှင်။ E-Government ကိုဆောင်ရွက်ခြင်းဖြင့် သန့်ရှင်းတဲ့အစိုးရနှင့် ကောင်းမွန်တဲ့အုပ်ချုပ်မှုအား အကောင်အထည်ဖော်ရာမှာ အထောက်အကူပြုတယ်။ ဆင်းရဲနွမ်းပါးမှုလျှော့ချတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး နည်းပညာကွာဟမှုလျှော့ချနိုင်ပြီး အထောက်အကူပြုပါတယ်။ လူကိုယ်တိုင်ထိတွေ့ဆက်ဆံမှုနည်းပါးခြင်းဖြင့် အဂတိလိုက်စားမှုလျှော့ချနိုင်ပြီး အစိုးရလုပ်ငန်းများမြန်ဆန်သွက်လက်စေပါတယ်။ နိုင်ငံတကာအညွှန်းကိန်းများအား လေ့လာဆန်းစစ်ပြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့ပုံရိပ်တိုးတက်စေပါတယ်။ နိုင်ငံတကာအဖွဲ့အစည်း

များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ပြီး ရင်းနှီးမြှုပ်နှံမှုများတိုးပွားလာစေရန် အထောက်အကူပြုပါတယ်ရှင်။ E-Government စနစ်အသုံးပြုခြင်းဖြင့် အဂတိလိုက်စားမှု လျှော့ချနိုင်ခြင်းနှင့် E-Voting System အသုံးပြုခြင်းဖြင့် ရရှိလာတဲ့အကျိုးကျေးဇူးကို တင်ပြလိုပါတယ်။ မြန်မာနိုင်ငံဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်များစွာကတည်းက အခုအချိန်ထိ အဂတိလိုက်စားမှုများတဲ့နိုင်ငံအဖြစ် ရှိနေဆဲဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် CPI Corruption Perception Index အရ ၁၆၈ နိုင်ငံရှိတဲ့အနက် အမှတ်စဉ်(၁၄၇)မှာရောက်နေပါတယ်။ အာဆီယံနိုင်ငံအတွင်းမှာလည်း အဂတိလိုက်စားမှုအများဆုံးနိုင်ငံအဖြစ် ရောက်ရှိနေပါတယ်။ အဂတိလိုက်စားမှုဆိုတဲ့ဟာက လာဘ်ပေးလာဘ်ယူတစ်ခုတည်းမဟုတ်ပါဘူး။ အစိုးရဝန်ထမ်းများက မသမာမှုပြုလုပ်ပြီး ရလဒ်တစ်ခုကို ဖန်တီးယူခြင်းကိုလည်း ထည့်သွင်းတင်ပြခြင်းဖြစ်ပါတယ်။ အဂတိလိုက်စားမှုကို လေ့လာကြည့်မယ်ဆိုရင် အစိုးရဝန်ထမ်းများဟာ မိမိတို့ရဲ့ဆုံးဖြတ်ပိုင်ခွင့်အာဏာ တာဝန်ယူမှု။

**ဥက္ကဋ္ဌ**။ ။ အခုဆွေးနွေးနေတာ E-Government အကြောင်းနော်။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။Corruptionပါရှင့်။ Corruption ပါ။ အဲဒါကို ဘယ်လိုကာကွယ်မလဲလို့ပြောတာပါရှင်။

**ဥက္ကဋ္ဌ**။ ။ အဲဒီဟာကို E-Government လုပ်လို့ရှိရင် ခုနက ကိုယ်စားလှယ်တွေ ဆွေးနွေးသလို ဒီလိုအကျိုးရှိတယ်။ အပြစ်ရှိတယ်။ တိုတိုနှင့်လိုရင်းကို ဆွေးနွေးလို့ရတယ်။ ရတဲ့အချိန်လေးမှာ အခုဆွေးနွေးနေတာက E-Government ခေါင်းစဉ်ပျောက်ပြီးတော့ Corruption ဆီရောက်နေတယ်။ အဲဒါပြောပြတာပါ။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါ။ CPI-Corruption Perception Index ကိုရည်ညွှန်းပြီးပြောပါတယ်။ E-Government စနစ်ကိုအသုံးပြုခြင်းဖြင့် ပြည်သူနှင့်ဝန်ဆောင်မှုများ ဝန်ထမ်းအကြားမှာ လူကိုယ်တိုင်ထိတွေ့ဆက်ဆံမှုလျော့နည်းစေခြင်းဖြင့်လည်းကောင်း၊ လာဘ်ပေးလာဘ်ယူမှုကိုလည်း ကာကွယ်တားဆီးရာရောက်ပါတယ်။ အစိုးရ ဝန်ဆောင်မှုတစ်ခုခုကို လျှောက်ထားတဲ့အခါမှာ ပြည်သူတစ်ဦးဟာ အစိုးရဌာနရဲ့ Web Portal ထဲဝင်ရောက်ပြီး မိမိလျှောက်ထားလိုတဲ့ ဝန်ဆောင်မှုအတွက် လိုအပ်တဲ့အချက်အလက်နဲ့ စာရွက် စာတမ်းမိတ္တူများကို ဖြည့်ဆည်းပြီး အစိုးရဝန်ထမ်းနဲ့တိုက်ရိုက်ထိတွေ့ဖို့မလိုပါဘူး။ လျှောက်ထားပြီး ဝန်ဆောင်မှုအခြေအနေကို Web Portal ထဲဝင်ပြီးတော့မှ Electronic ငွေပေးဝန်ဆောင်မှုစနစ်

ကျသင့်မှုပေးချေနိုင်တဲ့အတွက် လျှောက်ထားတဲ့ပြည်သူတစ်ယောက်အနေနဲ့ အစိုးရဝန်ထမ်းရဲ့ လူပုဂ္ဂိုလ်အကူအညီမလိုဘဲ လုပ်ငန်းအစအဆုံးပွင့်လင်းမြင်သာစွာ စီမံခန့်ခွဲမှုကြောင့် E-Government စနစ်အသုံးပြုတဲ့ ပြည်သူအနေနဲ့ ဘယ်သူကိုမှ လာဘ်ပေးဖို့မလိုဘဲ အစိုးရဝန်ဆောင်မှုလုပ်ငန်းကို ရယူနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် အစိုးရဌာနအတွင်း ပုံမှန်ရုံးတွင်းလုပ်ငန်းစဉ်တွေမှာ E-Government Electronic ဝန်ဆောင်မှုအသုံးပြုခြင်းဖြင့် လုပ်ငန်း လမ်းစဉ်တစ်ခုဟာ မည်သည့်ဌာနမှာရောက်ရှိနေတယ်။ မည်သည့်အချိန် ကြာမြင့်နေပြီဆိုတာကို ထင်သာမြင်သာစနစ်ဖြင့် အစိုးရဝန်ထမ်းတွေအနေနဲ့ မိမိရဲ့ဆုံးဖြတ်ပိုင်ခွင့် အာဏာကိုအသုံးပြုပြီး လုပ်ငန်းပြီးမြောက်မှုကြန့်ကြာစေတာကိုလည်း ကာကွယ်နိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဒီမိုကရေစီနိုင်ငံရဲ့လုပ်ငန်းစဉ်တစ်ခုဖြစ်တဲ့မဲပေးစနစ်ကို E-Voting စနစ်နဲ့ ပြောင်းလဲစေဖို့ဖြစ်ပါတယ်။ ဥပမာအားဖြင့် ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကာလမှာ တချို့မဲဆန္ဒတွေမှာ မသမာမှုများ ပြုလုပ်ပြီး မဲစာရင်းရလဒ်ကိုပြောင်းလဲစေခြင်းကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိတာဖြစ်မှာပါ။ တချို့နေရာမှာ လူအင်အားသုံးပြီး မဲရေတွက်ခြင်း၊ လူ့သဘာဝအရ မှားယွင်းမှုများရှိခဲ့ပါတယ်။ ဒါကြောင့် နောက်ကြုံတွေ့ရမယ့် ရွေးကောက်ပွဲများမှာ ဒီလိုအမှားမျိုးထပ်မံမဖြစ်ပွားစေဖို့ ပုံမှန် လုပ်ရိုးလုပ်ထုံးမဲပေးခြင်းကနေပြီး E-Voting စနစ်ကိုပြောင်းလဲစေဖို့ ပွင့်လင်းမြင်သာပြီး လူ့သဘာဝအရ မှားယွင်းမှုကို ရှောင်ကွင်းနိုင်မှာဖြစ်ပါတယ်။ E-Voting စနစ်ဟာ ဒီမိုကရေစီနိုင်ငံ အနေနဲ့ အလုပ်သင့်ဆုံး E-Government ဝန်ဆောင်မှုတစ်ခုဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် တစ်ကြိမ်တစ်ခါတည်း နည်းပညာမြှုပ်နှံခြင်းဖြင့် အသုံးပြုရမယ့် မည်သည့်ရွေးကောက်ပွဲတွင်မဆို လူအင်အား၊ ငွေအင်အား အချိန်ကုန်မှုများစွာလျှော့ချနိုင်မယ့်အပြင် မသမာမှုကင်းပြီး ပွင့်လင်း မြင်သာတဲ့ မဲစာရင်းရလဒ်ကို ရရှိနိုင်ပြီး မဲဆန္ဒရှင်၊ မဲပေးခံရသူ၊ ရွေးကောက်ပွဲဖြစ်မြောက်တဲ့ အစိုးရအဖွဲ့အစည်းသုံးဦးသုံးဖလှယ် ကျေနပ်မှုရရှိစေနိုင်မှာဖြစ်ပါတယ်။ E-Voting စနစ်ကို မဲဆန္ဒရှင် တွေရဲ့အကြံပြုချက်များကို Web portal ကတစ်ဆင့်ဖြည့်ပြီး အကြံပြုနိုင်တဲ့အတွက် အကြံပြုချက် များအချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မှာဖြစ်တဲ့အတွက် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေဖူးဗဆွေရဲ့အဆိုကို ထောက်ခံပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့်(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်

နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အမရပူရ မဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် ဖြစ်ပါတယ်။ ကျွန်တော်က ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ တင်သွင်းထားတဲ့အဆိုဖြစ်တဲ့ နိုင်ငံအတွင်းရှိ ပြည်သူများ စီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးပါဝင်ပတ်သက်သူအားလုံးသည် E-Government Website များနှင့် Mobile Application များမှတစ်ဆင့် ဌာနဆိုင်ရာဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်ရေး အတွက် E-Government စနစ်ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွား မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ E-Government ဆိုတာကတော့ အားလုံးသိပြီးတဲ့အတိုင်းပဲ သတင်းအချက်အလက် နည်းပညာ(ICT)နှင့် Internet ကွန်ရက်အသုံးပြုပြီး ပြည်ထောင်စုအစိုးရနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းတို့က ပြည်သူများအတွက် ဝန်ဆောင်မှုပေးခြင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းအချက် အလက်များဖြန့်ဝေပေးခြင်းဖြင့် အုပ်ချုပ်ရေးယန္တရားအဆင့်များစွာကို လျှော့ချပြီး ပိုမိုလျင်မြန် ထိရောက်စွာဆောင်ရွက်ခြင်းဖြစ်ပါတယ်။ သိသာမြင်လွယ်တဲ့အကျိုးကျေးဇူးတွေကတော့ အသုံးစရိတ်၊ ကုန်ကျစရိတ်များလျှော့ချနိုင်ပါတယ်။ လုပ်ငန်းဆောင်ရွက်မှုတိုးတက်လာစေပါတယ်။ အချက်အလက် ဖြန့်ဝေမှုမြန်ဆန်လာစေပါတယ်။ လုပ်ငန်းအကောင်အထည်ဖော်မှု၊ အကျိုးသက်ရောက်မှု ပိုမိုဖြစ်ပေါ် စေပါတယ်။ အဂတိလိုက်စားမှုကိုလျော့ပါးသွားစေနိုင်ပါတယ်။ လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများနှင့် အစိုးရကြား လုပ်ငန်းဆောင်ရွက်မှုများမြန်ဆန်ချောမွေ့စေပါတယ်။ ဒါ့အပြင် G to C လို့ခေါ်တဲ့ အစိုးရနှင့်ပြည်သူအကြား အပြန်အလှန်အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ခြင်း ဥပမာ- Online မှတစ်ဆင့် အခွန်ပေးဆောင်ခြင်း၊ လစာငွေပေးချေခြင်း၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင် အစရှိတဲ့လိုင်စင်များကို သက်တမ်းတိုးခြင်း G to B လို့ခေါ်တဲ့ အစိုးရနှင့်လုပ်ငန်းရှင်များအကြား အပြန်အလှန်လုပ်ငန်းများ မြန်ဆန်ချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်း၊ G to G လို့ခေါ်တဲ့ အစိုးရဌာန အချင်းချင်း လုပ်ငန်းများမြန်ဆန်ချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်းဆိုတဲ့ အကျိုးကျေးဇူးတွေရရှိမှာဖြစ် ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယနေ့ ဖွံ့ဖြိုးတိုးတက်နေတဲ့နိုင်ငံတိုင်းမှာ E-Government အစီအစဉ်များကို အကောင်

အထည်ဖော်ဆောင်ပြီး တိုင်းပြည်တိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်ပြီးတော့ ဆောင်ရွက်နေကြပါပြီ။ စနစ်တကျလည်ပတ်ပြီး ကောင်းကျိုးများကိုလည်း ခံစားနေရတာတွေ့မြင်နိုင်ပါတယ်။ ၂၀၀၅ ခုနှစ် ကုလသမဂ္ဂအညွှန်းကိန်းများအရ E-Government အကောင်အထည်ဖော်ဆောင်နေသောနိုင်ငံ ၁၉၁ နိုင်ငံအနက် မြန်မာနိုင်ငံဟာ အဆင့်(၁၂၉)မှာပဲရှိပါသေးတယ်။ မြန်မာနိုင်ငံမှာ E-Government လုပ်ငန်းစဉ်တွေကို ၂၀၀၂ ခုနှစ်ကစတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသော်လည်း ယနေ့အချိန်အထိ အောင်မြင်မှုမရသေးတဲ့ အကြောင်းအရင်းတွေကတော့ အခြေခံအဆောက်အအုံ၊ ငွေကြေးပမာဏသတ်မှတ်သုံးစွဲမှု၊ ကျွမ်းကျင်မှု၊ ကဏ္ဍပေါင်းစုံမှ ပူးပေါင်းပါဝင်မှု၊ တိကျသေချာစွာ တာဝန်ခွဲဝေမှု၊ စဉ်ဆက်မပြတ်တာဝန်ခံဆောင်ရွက်မှု၊ ခိုင်မာသောမူဝါဒချမှတ်ဆောင်ရွက်မှု၊ စဉ်ဆက်မပြတ်အကောင်အထည်ဖော်မှု၊ စဉ်ဆက်မပြတ်စောင့်ကြည့်မှုနှင့် စံချိန်စံညွှန်းသတ်မှတ်မှုဆိုတဲ့အပိုင်းတွေမှာ အားနည်းချက်တွေရှိခဲ့လို့ဆိုတာဟာ မြင်တွေ့နိုင်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ E-Government လုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်မယ်ဆိုရင် မည်သည့်ဌာန၊ မည်သည့်အဖွဲ့အစည်းဖြစ်စေ ဌာနတွင်းလုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အကြံပြုချင်တာကတော့ (၁) E-Government ကော်မတီ သို့မဟုတ် E-Government Steering Committee (၂) Chief Information Officer and Skillful Worker Group (၃) Chief Security Officer and team စတဲ့အဖွဲ့အစည်းတွေကို ဖွဲ့စည်းပြီး တိကျတဲ့တာဝန်များ ကြိုတင်ခွဲဝေချထားပေးရန်လည်း လိုအပ်ပါမယ်။ ဒီလိုခွဲဝေချထားပေးမှုမရှိခဲ့ရင် တာဝန်နှင့်ဝတ္တရားရှုပ်ထွေးကာ အောင်မြင်မှုမရရှိနိုင်ပါဘူး။ ယခင်ကာလတွေမှာ E-Government အောင်မြင်စွာ မဆောင်ရွက်နိုင်ခဲ့တဲ့အကြောင်းတရားတစ်ခုကတော့ ဌာနဆိုင်ရာဝန်ထမ်းများရောပြည်သူများပါ IT နှင့် Internet ကို ကျွမ်းကျင်စွာ အသုံးမပြုနိုင်ခြင်း အသုံးပြုရန် Internet လိုင်းများခက်ခဲခြင်းတို့ကြောင့် တစ်စိတ်တစ်ပိုင်းဖြစ်တာကို တွေ့မြင်နိုင်ပါတယ်။ ယခုအချိန်မှာတော့ ထူးခြားတဲ့အချက်က နိုင်ငံသူနိုင်ငံသားအများစုဟာ IT ပညာရပ်ကို ရင်းနှီးကျွမ်းဝင်လာသလို Internet ကိုလည်း Mobile Application များမှ တွင်တွင်ကျယ်ကျယ်အသုံးပြုနေကြပါပြီ။ ၂၀၁၆ ခုနှစ် အမျိုးသားစီမံကိန်းရေးဆွဲရေးသတင်းထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတစ်ဝန်း Mobile Internet လိုင်းအသုံးပြုသူ သန်း ၄၀ နီးပါးခန့်ရှိလာပါပြီ။ လူဦးရေ သန်း ၅၀ ကျော်သာရှိတဲ့ ကျွန်တော်တို့နိုင်ငံမှာ Internet လိုင်း သန်း ၄၀ နီးပါး အသုံးပြုနေတယ်ဆိုတာဟာ E-Government လုပ်ငန်းစဉ်များကို

အောင်မြင်စွာအကောင်အထည်ဖော်ရန် အင်မတန်ကိုမှ အခြေခံကျတဲ့ လိုအပ်ချက်ကိုဖြည့်ဆည်းပြီးသားဖြစ်နေတယ်လို့ မြင်ပါတယ်။ ဒါကြောင့် အဆိုရှင်တင်ပြသလို ယခုအချိန်မှာ နိုင်ငံတော်မှ E-Government လုပ်ငန်းစဉ်တွေကို အားသွန်ခွန်စိုက် စနစ်တကျအကောင်အထည်ဖော်ရင် အောင်မြင်မှုရရန် သေချာနိုင်ပါတယ်။

နိဂုံးချုပ်အားဖြင့် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာမှာလည်းကောင်း၊ ဝန်ကြီးဌာနအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း ဆက်သွယ်ဆောင်ရွက်ရာမှာလည်းကောင်း၊ အစိုးရနှင့်ပြည်သူအကြား အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ရာမှာသော်လည်းကောင်း တိကျမြန်ဆန်လွယ်ကူသက်သာလာစေမှာဖြစ်ပြီး နိုင်ငံ့အပြောင်းအလဲမှာတိုးတက်အောင်မြင်မှု အသီးအပွင့်ရရှိမှာသေချာတာကြောင့် အဆိုရှင်၏အဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော်(မိုးကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မိုးကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် ဖြစ်ပါတယ်။ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ၂၀၀၁ ခုနှစ်လောက်ကစပြီး ဝန်ကြီးဌာနတွေ၊ ပုဂ္ဂလိကလုပ်ငန်းတွေမှာ အင်တာနက်ကို အသုံးပြုခဲ့ကြပါတယ်။ ဒါပေမဲ့ ၂၀၁၁ ခုနှစ်ရောက်လောက်တဲ့အထိ ဆက်သွယ်ရေးကွန်ရက်များ နိုင်ငံအနှံ့မပြည့်စုံသေးခြင်း၊ ပြည်သူလူထုကြားကျယ်ပြန့်စွာသုံးစွဲနိုင်တဲ့အခြေအနေ မရှိသေးခြင်း၊ မိုဘိုင်းအင်တာနက်သုံးစွဲနိုင်မှုမှာ နိုင်ငံတစ်ဝှမ်းပျံ့နှံ့စွာ သုံးစွဲနိုင်မှုနည်းပါးသေးခြင်း စတဲ့အချက်အလက်တွေကြောင့် အင်တာနက်အသုံးပြုပြီး အစိုးရဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ခဲ့ခြင်း များစွာမရှိခဲ့တာကို တွေ့ရပါတယ်။ ဒီကနေ့ခေတ်မှာတော့ မိုဘိုင်းကွန်ရက်များ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ထိထိရောက်ရောက်အသုံးပြုနိုင်တဲ့အနေအထားတွေ့ရတဲ့အပြင် နည်းပညာတိုးတက်လာတာနဲ့အမျှ မိုဘိုင်းဖုန်းတစ်လုံးက အရင်ကကွန်ပျူတာတစ်လုံးဆောင်ရွက်နိုင်တဲ့အခြေအနေထက်တောင် ပိုမိုစွမ်းဆောင်လာနိုင်တာကို တွေ့ရပါတယ်။ မိုဘိုင်းဖုန်းတစ်လုံးကနေတစ်ဆင့် အင်တာနက်ချိတ်ဆက်ဆောင်ရွက်ပြီး သတင်းအချက်

အလက်များ အချိန်တိုင်းရယူနိုင်တဲ့အခြေအနေဖြစ်တဲ့အတွက် Mobile Application များကတစ်ဆင့် အစိုးရဌာနများရဲ့ ဝန်ဆောင်မှုလုပ်ငန်းများကို လွယ်ကူလျင်မြန်ထိရောက်စွာ အသုံးပြုနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း ထောက်ခံဆွေးနွေးလိုပါတယ်။ သာမန်ပြည်သူ တစ်ယောက်အနေနဲ့ နားလည်သလောက်တင်ပြရမယ်ဆိုရင် အစိုးရဌာနတွေအနေနဲ့ ကွန်ပျူတာသုံးပြီး စာစီစာရိုက်၊ စာရင်းသွင်း၊ ငွေစာရင်းအတွက် Accounting တွေလုပ်တာ၊ Presentation တွေလုပ် ကြတာမျိုးကို e-Government လို့ ခေါ်တာမဟုတ်ပါဘူး။ ဒါဟာ ကွန်ပျူတာအသုံးပြုရုံသက်သက်ပဲ ဖြစ်ပါတယ်။ e-Government ဝန်ဆောင်မှုအဆင့်ရောက်ဖို့ဆိုရင် အစိုးရတွေဟာ သူတို့ရဲ့မူလတာဝန် ဖြစ်တဲ့ ပြည်သူကိုပေးရမယ့် သတင်းအချက်အလက်တွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေကို ပိုမိုလွယ်ကူ ပျံ့နှံ့စေတဲ့ မီဒီယာအသစ်တစ်ခုဖြစ်တဲ့ Internet Online ကို သုံးပြီး ဆောင်ရွက်ပေးတာတွေ၊ အစိုးရမှ သက်ဆိုင်ရာစီးပွားရေးကဏ္ဍတွေနဲ့ ချိတ်ဆက်လုပ်ဆောင်တဲ့ G2G တို့၊ G2C တို့ ဆိုတာတွေ၊ အစိုးရလုပ်ငန်းအချင်းချင်းဆက်သွယ်တဲ့ G2G လုပ်ငန်းတွေစတဲ့ ဆက်သွယ်ချိတ်ဆက်ဆောင်ရွက်တဲ့ လုပ်ငန်းမျိုးတွေကို သက်ဆိုင်ရာ Application တွေသုံးပြီး လုပ်ဆောင်နိုင်မယ့်အဆင့်အထိ ရောက်အောင် ဆောင်ရွက်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုအနေနဲ့ သတင်းအချက်အလက်ငံ့လင့်ခဲ့ရတဲ့ကာလတွေ များခဲ့တဲ့အတွက် ဒီကနေ့ခေတ်မှာ Mobile Application တွေထဲကနေတစ်ဆင့် သတင်းအချက် အလက်တွေကို ရယူဖြန့်ဝေကြတာ အများအသိပဲဖြစ်ပါတယ်။ အဲဒီလို မိုဘိုင်းဖုန်းသုံးစွဲပြီး သတင်း အချက်အလက်မျှဝေနေတာဟာ လက်ရှိအခြေအနေအရ အလျင်အမြန်ဆုံးနဲ့ အထိရောက်ဆုံး မီဒီယာ တစ်ခုဖြစ်နေတာကိုလည်း တွေ့နေရပါတယ်။ ပြည်သူ့အစိုးရတစ်ရပ်အနေနဲ့ ပြည်သူကိုအကျိုးရှိစေ မယ့် အစိုးရဌာနရဲ့ဝန်ဆောင်မှုလုပ်ငန်းများကို Mobile Application တွေကနေတစ်ဆင့် ဆောင်ရွက်ပေးဖို့ အကောင်းဆုံးအနေအထားလည်း ဖြစ်ပါတယ်။ အသံလွှင့်မီဒီယာတွေ၊ ဂျာနယ်၊ မဂ္ဂဇင်းစတဲ့ ပုံနှိပ်မီဒီယာတွေဟာ တစ်လမ်းသွားပုံစံမျိုးဖြစ်ပြီး ပြည်သူနှင့်အစိုးရကြား အပြန်အလှန် ဆက်ဆံဆောင်ရွက်နိုင်တဲ့အနေအထားမျိုးမရှိတာကို တွေ့ရပါတယ်။ ဒါ့အပြင် ပြည်သူလူထုအနေနဲ့ Internet၊ Website စတဲ့ နည်းပညာတွေကို တစ်ဆင့်ပြီးတစ်ဆင့် လေ့လာဆောင်ရွက်နေတာမျိုး မဟုတ်တော့ဘဲ မိုဘိုင်းဖုန်းတွေကနေတစ်ဆင့် Mobile Application တွေကို တိုက်ရိုက်သုံးစွဲ နေကြတာဖြစ်တဲ့အတွက် ပြည်သူတစ်ဝက်ကျော်ကျော်လောက်လက်ထဲမှာရှိနေတဲ့ မိုဘိုင်းမီဒီယာကနေ တစ်ဆင့် သတင်းအချက်အလက်များကို လွယ်ကူချိတ်ဆက်ဝန်ဆောင်မှုပေးရေးနှင့် ပြည်သူ့အသံကို

လည်း နားထောင်နိုင်တဲ့ အစိုးရဝန်ဆောင်မှု Application တွေကို ပိုမိုတိုးတက်အောင်ဆောင်ရွက်စေလိုပါတယ်။ ဒီနေရာမှာလည်း ပြည်သူတွေအနေနဲ့ အပျော်သဘောအသုံးပြုမှုတင် ရပ်မနေဘဲ အပြုသဘော နိုင်ငံတော်ပြန်လည်တည်ဆောက်မှုမှာ ပါဝင်ဆောင်ရွက်နိုင်တဲ့အခြေအနေအထိ စဉ်းစားဆောင်ရွက်စေလိုပါတယ်။ E-Government ဝန်ဆောင်မှုများ ဆောင်ရွက်မယ့် Mobile Application တွေအနေနဲ့ သတင်းအချက်အလက် ငတ်မွတ်နေတဲ့ ပြည်သူများနဲ့ အစိုးရကြား ထိရောက်စွာ တိုက်ရိုက်ချိတ်ဆက်ပေးနိုင်တဲ့ မီဒီယာတစ်ခုအဖြစ် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုပါတယ်။ ဝန်ကြီးဌာနတွေအနေနဲ့ သီးသန့်ဘတ်ဂျက်သတ်မှတ်ပေးထားတာမျိုးမရှိသေးသော်လည်း ဖြစ်နိုင်တဲ့၊ လွယ်ကူတဲ့ သတင်းအချက်အလက်ဖြန့်ဝေမှုများမှ စတင်နိုင်ပြီး အဲဒီကမှတစ်ဆင့် ပိုမိုကောင်းမွန်ထိရောက်တဲ့ ဝန်ဆောင်မှုများကို ဆောင်ရွက်သွားစေလိုပါတယ်။ နည်းပညာက အမြဲတမ်းပြောင်းလဲနေမှာပါပဲ။ အသုံးပြုမယ့်ပြည်သူတွေကလည်း တိုးတက်တဲ့ နည်းပညာနဲ့အတူ အသုံးပြုမှုတွေက အစဉ်အမြဲပြောင်းလဲနေမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ သတင်းလွတ်လပ်ခွင့်စတဲ့ ဒီမိုကရေစီလုပ်ငန်းစဉ်များကိုလည်း ဖွင့်ပေးပြီးဖြစ်တဲ့အတွက် E-Government ဆိုင်ရာဝန်ဆောင်မှုများကို ပြည်သူများအနေနဲ့ Mobile Application ကနေတစ်ဆင့် နှိပ်လွယ်၊ ကြည့်လွယ်၊ သိလွယ်၊ အကျိုးလည်းရှိတယ်ဆိုတဲ့ အစိုးရဝန်ဆောင်မှုလုပ်ငန်းစနစ်များကို ပိုမိုထိရောက အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးရင်းနဲ့ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေရဲ့အဆိုအား ထောက်ခံဆွေးနွေးတင်ပြအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(သာကေတမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ကြွရောက် လာသောဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သာကေတမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဝေဖြိုးအောင်ဖြစ်ပါတယ်။ ပန်းဘဲတန်းမဲဆန္ဒနယ်က ဦးနေဖူးဗဆွေရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကမ္ဘာကြီးဟာ ၂၁ ရာစုမှာ နည်းပညာတွေနဲ့ လွှမ်းခြုံနေတဲ့ နည်းပညာကမ္ဘာကြီးဖြစ်လို့နေပါပြီ။ ဒီနည်းပညာတွေကိုပဲ ကမ္ဘာ့နိုင်ငံအများစုမှာရှိတဲ့ အစိုးရတွေက အကောင်းဆုံးအသုံးချပြီးတော့ ပြည်သူတွေကိုဝန်ဆောင်မှုပေးဖို့ ကြိုးစားနေကြပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့နိုင်ငံမှာလည်း ၂၀၀၂ ခုနှစ်မှာ E-Government ဆိုတဲ့ စနစ်တစ်ခုကို ဖော်ဆောင်ဖို့ ကြိုးစားခဲ့တယ်လို့ သိရှိရပါတယ်။ ဒါပေမဲ့လို့ E-Government စနစ်ကို ဖော်ဆောင်တဲ့နေရာမှာ တိကျတဲ့စံသတ်မှတ်ချက်တွေမရှိခဲ့တာတွေ၊ နည်းပညာဆိုင်ရာအခြေခံအဆောက်အအုံတွေ လုံလောက်မှုမရှိတာတွေ၊ ဘဏ္ဍာရေးဆိုင်ရာ အားနည်းချက်တွေ၊ ခေါင်းဆောင်မှုကောင်းမရှိတာတွေ၊ လိုအပ်တဲ့ အရည်အချင်းပြည့်မီတဲ့ ကျွမ်းကျင်ဝန်ထမ်းရှားပါးမှုတွေကြောင့်မို့လို့ ဒီနေရာ အဓိကအချက်တစ်ချက်ဖြစ်တဲ့ အဲဒီနေ့၊ အဲဒီအချိန်အခါမှာရှိခဲ့တဲ့ ပြည်သူတွေရဲ့နည်းပညာအပေါ်မှာ စိတ်ဝင်စားမှုအားနည်းတာတွေကြောင့်မို့လို့ ဒီ E-Government စနစ် အကောင်အထည်ဖော်မှုဟာ စာရွက်ပေါ်က စီမံကိန်းသာဖြစ်ခဲ့ပြီး တကယ်မှာ လက်တွေ့မှာတော့ သဲထဲရေသွန်ဖြစ်ကာ ထင်သလောက် မအောင်မြင်ခဲ့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ United Nation E-Government Servey မှာပါတဲ့ ၂၀၁၆ က ထုတ်ပြန်ခဲ့တဲ့ E-Government Development Index အရဆိုရင် ကျွန်တော်တို့နိုင်ငံဟာ ၀.၂၃၆၂ နဲ့ အဆင့် (၁၆၉)ကို ရောက်နေပါတယ်။ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာလည်း အနိမ့်ကျဆုံးအခြေအနေကို ရောက်နေပါတယ်။ ဒါပေမဲ့လို့ အခုလက်ရှိ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်သူတွေနည်းပညာသုံးစွဲမှုအပေါ်မှာ စိတ်ဝင်စားမှုကတော့ ၂၀၁၆ ခုနှစ် ဇွန်လအထိ တယ်လီဖုန်းသိပ်သည်းဆဟာ ၈၉.၃၈ ရာခိုင်နှုန်းအထိရှိပြီး ဒီထဲကမှ မိုဘိုင်းဖုန်းသုံးစွဲသူတွေဟာ ၄၃.၇၂ သန်းအထိရှိနေပါတယ်။ ဒီထဲကမှ အင်တာနက်အသုံးပြုသူ ၃၉ သန်း ရှိနေတယ်လို့လည်း သိရပါတယ်။ ဒီအတွက်ကြောင့်မို့လို့ အခုလက်ရှိမြန်မာနိုင်ငံရဲ့လူဦးရေ သန်း ၅၀ ကျော်မှာ ၃၉ သန်းကျော် အင်တာနက်အသုံးပြုနေပြီဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဒီအချိန်ဟာ E-Government စနစ်ကို ပိုမိုထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဖို့ အချိန်ကောင်းလို့လည်းယူဆရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ E-Government စနစ်ကိုသာ အကောင်အထည်ဖော်နိုင်ခဲ့မယ်ဆိုရင် ဝန်ကြီးဌာနနဲ့ အစိုးရရဲ့ ပေါ်လစီတွေ၊ ဥပဒေတွေ၊ မူဝါဒတွေကို ပြည်သူတွေက လွယ်ကူလျင်မြန်စွာသိရှိနိုင်မှာဖြစ်လို့ ဒီမိုကရေစီနိုင်ငံဖော်ဆောင်မှုမှာ ပိုမိုလျင်မြန်အောင်မြင်နိုင်တယ်လို့ ယုံကြည်ပါတယ်။ အဲဒီလိုပဲ အရင်က ကာတွန်းတွေမှာ ပါခဲ့ဖူးတဲ့ စာရွက်ဖိုင်တစ်ဖိုင်ဟာ စားပွဲတစ်လုံးကတစ်လုံးကို ရောက်ဖို့အတွက် ဆင်နဲ့ဆွဲနေရပါ တယ်ဆိုတဲ့

လက်ဖက်ရည်ဖိုးယဉ်ကျေးမှုတွေ၊ အဂတိလိုက်စားမှုတွေနဲ့ အကျင့်ပျက်ခြစားမှုတွေဟာ သိသိသာသာ လျော့နည်းသွားမယ်လို့ ယုံကြည်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေအတွက်လည်း G2B ကြောင့် အချိန်ကုန်သက်သာပြီး နိုင်ငံရဲ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့လူ့စွမ်းအားအရင်းအမြစ်တွေကိုလည်း E-Government စနစ်ကြောင့် ချွေတာနိုင်မှာဖြစ်သလို ပိုလျှံလာတဲ့လူ့စွမ်းအားအရင်းအမြစ်တွေကို နိုင်ငံရဲ့အခြားသော ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွေမှာ ထိထိရောက်ရောက်အသုံးချနိုင်မှာ ဖြစ်တဲ့အတွက် ပိုမိုပြီးတော့ နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ ဒီနေရာမှာ အခက်အခဲအနေနဲ့ကတော့ e-Government စနစ်ဖော်ဆောင်ရာမှာ လိုအပ်တဲ့အခြေခံ အဆောက်အအုံအတွက် ကုန်ကျစရိတ်တွေ၊ ထိန်းသိမ်းစရိတ်တွေ အများအပြားလိုအပ်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့လို့ ရေရှည်အတွက် ချိန်ကြည့်မယ်ဆိုရင် ဒီ E-Government စနစ်ကြောင့် အချိန်ကုန် သက်သာတာ၊ လူအင်အားချွေတာနိုင်တာတွေနဲ့ ငွေကြေးသက်သာမှုတွေကတော့ များစွာကြီးမားမှာ ဖြစ်တဲ့အတွက် ရေရှည်မှာအကျိုးများတဲ့ လုပ်ဆောင်ချက်တစ်ခုလို့ဆိုလိုချင်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ထိရောက်တဲ့ E-Government စနစ်ကို အကောင်အထည်ဖော်ဖို့ဆိုရင်တော့ တိကျတဲ့ စံသတ်မှတ်ချက်တွေ လိုအပ်ပါတယ်။ ခေါင်းဆောင်မှုကောင်းတွေနဲ့ မူဝါဒတွေချမှတ်ပြီး ကျွန်တော်တို့ သက်ဆိုင်ရာဌာနအလိုက် သတင်းအချက်အလက်စုဆောင်းမှုတွေ၊ ပြည်သူကြားမှာ တွင်တွင် ကျယ်ကျယ်အသုံးပြုနိုင်ဖို့အတွက် E-Government Website တွေနဲ့ Mobile Application တွေကို အကောင်အထည်ဖော်ပေးဖို့ လိုအပ်ပါတယ်။ အဲဒီလိုပဲ အဓိကစဉ်းစားရမယ့် အချက်က ကျွန်တော်တို့ နိုင်ငံအနေအထားအရ အင်တာနက်အသုံးပြုလို့မရနိုင်တဲ့ဒေသမှာရှိတဲ့ ပြည်သူလူထုတွေအတွက် လည်း Call Center တွေထားခြင်းမျိုးတွေ၊ E-Service Counter တွေထားရှိပြီးတော့ ဝန်ဆောင်မှု တွေလည်းပေးရမှာ ဖြစ်ပါတယ်။ အချုပ်အားဖြင့်ဆိုရရင်တော့ ဒီမိုကရေစီနိုင်ငံဖော်ဆောင်မှုမှာ ပြည်သူတွေရဲ့ပူးပေါင်းပါဝင်မှု အရေးကြီးပါတယ်။ ဒီ E-Government စနစ်အကောင်အထည် ဖော်နိုင်ခဲ့ရင် ပြည်သူတွေရဲ့ပူးပေါင်းပါဝင်မှုဟာ အခုထက်ပိုပြီးတော့ အောင်မြင်အောင် အကောင် အထည်ဖော်နိုင်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကုန်ကျစရိတ်ကြီးမြင့်ပေမယ့်လို့ ရေရှည်မှာ အကျိုး များစွာရရှိမှာဖြစ်တဲ့အတွက် ရေရှည်အကျိုးမျှော်ကိုးပြီးတော့ ပန်းဘဲတန်းမဲဆန္ဒနယ် ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးနေဖူးဗဆွေရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနေစိုးအောင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေစိုးအောင်ဖြစ်ပါတယ်။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေဖူးဗဆွေ တင်သွင်းတဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစိုးရဆိုတာ နိုင်ငံသူနိုင်ငံသားများရဲ့ နေ့စဉ်လူမှုဘဝလိုအပ်ချက်တွေကို အလျင်မြန်ဆုံးသော၊ အထိရောက်ဆုံးသော နည်းလမ်း ကောင်းတွေနဲ့ ဖြည့်ဆည်းနိုင်ဖို့အတွက် ကြိုးစားကြရပါတယ်။ ဒီလိုကြိုးစားရင်းနဲ့ပဲ E-Government ဆိုတဲ့စနစ်တစ်ခု ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ တကယ်တော့ E-Government ဆိုတာ နိုင်ငံသူနိုင်ငံသားတွေရဲ့ လိုအပ်ချက်ကို ထိရောက်လျင်မြန်စွာ ဖြည့်ဆည်းပေးနိုင်ဖို့ သတင်းအချက်အလက်နည်းပညာနှင့် ဆက်သွယ်ရေးနည်းပညာတွေကို ပေါင်းစပ်ပြီးတော့ အစိုးရကဝန်ဆောင်မှုပေးတာလို့ဆိုရမှာဖြစ်ပါတယ်။ E-Government စနစ်ကို ထိရောက်စွာကျင့်သုံးနေတဲ့ တိုင်းပြည်များမှာ ဆိုလို့ရှိရင် အစိုးရများဟာ နိုင်ငံသားများနဲ့သော် လည်းကောင်း၊ စီးပွားရေးကဏ္ဍမှာသော်လည်းကောင်း၊ အစိုးရအချင်းချင်းမှာသော်လည်းကောင်း၊ အလုပ်သမားကဏ္ဍမှာ သော်လည်းကောင်း စတဲ့ကဏ္ဍပေါင်းများစွာနဲ့ အပြန်အလှန်ချိတ်ဆက်ပြီး ဝန်ဆောင်မှု ပေးနေကြတာတွေ့ရပါတယ်။ E-Government စနစ်ကို ကျွန်တော်တို့အောင်မြင်စွာ အသုံးပြုနိုင်ခဲ့မယ်ဆိုလို့ရှိရင်လည်း ကောင်းမွန်သောအကျိုးရလဒ်တွေရှိတယ်ဆိုတာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များလည်း ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ အချိန်အခါအလိုက် လိုအပ်လို့ ပြဋ္ဌာန်း တဲ့ဥပဒေတွေ၊ မူဝါဒတွေ၊ ချမှတ်တဲ့လုပ်ငန်းစဉ်တွေ ပြည်သူလူထုထံကို လျင်လျင်မြန်မြန်ရောက်ရှိဖို့ အတွက် အင်မတန်မှ ကောင်းမွန်တဲ့စနစ်တစ်ခု ဖြစ်ပါတယ်။ ဒါ့အပြင် အစိုးရရဲ့လုပ်ငန်းစဉ်တွေဖြစ်တဲ့ အခွန်မူဝါဒတွေ၊ ပို့ဆောင်ရေးကဏ္ဍတွေ၊ မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်တွေနဲ့ အုပ်ချုပ်ရေးဆိုင်ရာ ကဏ္ဍတွေ စတဲ့ကဏ္ဍပေါင်းများစွာမှာလည်း ပိုမိုပွင့်လင်းလာပြီးတော့ စနစ်ကျလာမှာဖြစ်ပါတယ်။ ဒီလို ပွင့်လင်းပြီး ပိုမိုစနစ်ကျလာတာနဲ့အမျှ ကျွန်တော်တို့နိုင်ငံမှာ အမြစ်တွယ်နေတဲ့ အဂတိလိုက်စားမှုကို

လည်း အစိုးရအနေနဲ့ ထိန်းချုပ်လာနိုင်မှာဖြစ်ပါတယ်။ စီးပွားရေးကဏ္ဍမှာဆိုလို့ရှိရင်လည်း E-Government စနစ်ရဲ့ အကျိုးသက်ရောက်မှုကောင်းတွေရှိနေတာ တွေ့ရပါတယ်။ သတင်းအချက်အလက်နည်းပညာကို အသုံးပြုပြီးတော့ အစိုးရရဲ့စီးပွားရေးဆိုင်ရာမူဝါဒတွေ၊ လုပ်ငန်းစဉ်တွေ၊ Contract တွေကို ပိုမိုပွင့်လင်းစွာ ချမှတ်ဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်။ ဒီလိုပွင့်လင်းစွာ ဆောင်ရွက်လာနိုင်တာနှင့်အမျှ အစိုးရနဲ့စီးပွားရေးလုပ်ကိုင်ရာမှာ ပိုမိုလွယ်ကူအဆင်ပြေချောမွေ့လာမှာဖြစ်ပါတယ်။ ဒီလိုလွယ်ကူလာတာနဲ့အမျှ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာနိုင်စရာရှိပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးကဏ္ဍကြီးတစ်ခုလုံးဟာ အလျင်အမြန်နဲ့ တိုးတက်လာနိုင်မှာဖြစ်ပါတယ်။ E-Government စနစ်ဟာ နိုင်ငံသားများအပေါ်မှာလည်း ကောင်းမွန်သောအကျိုးသက်ရောက်မှုကောင်းတွေ ရှိပါတယ်။ ဥပမာအားဖြင့်ဆိုလို့ရှိရင် ကုန်ကျစရိတ်သက်သာစေတာ၊ အချိန်ကိုချွေတာနိုင်တာ စတဲ့ပိုမိုကောင်းမွန်သောဝန်ဆောင်မှုတွေကို ရရှိလာနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် အစိုးရထံမှ မိမိတို့လိုအပ်တဲ့ အချက်အလက်တွေအားလုံးကိုလည်း အလျင်မြန်ဆုံးနဲ့ အလွယ်ကူဆုံး ရရှိနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ E-Government စနစ်တစ်ခုဖြစ်ဖို့အတွက်၊ အောင်မြင်ဖို့အတွက်ဆိုလို့ရှိရင် အခြေခံကျတဲ့လိုအပ်ချက်တွေရှိပါတယ်။ ရှင်းလင်းတဲ့လုပ်ငန်းစဉ်တွေရှိရပါမယ်။ ပြည်သူလူထုပူးပေါင်းပါဝင်မှု အားကောင်းရပါမယ်။ ဒါ့အပြင် နည်းပညာအထောက်အပံ့ကောင်းတွေလည်း ရှိဖို့လိုအပ်တဲ့အပြင် ဘဏ္ဍာရေးအပါအဝင် အခြားသော အရင်းအမြစ်ကောင်းတွေ အားကောင်းဖို့လည်း လိုအပ်ပါတယ်။ ဒီလိုအပ်ချက်တွေကို ကျွန်တော်တို့နိုင်ငံမှာ ပြန်ကြည့်လိုက်မယ်ဆိုလို့ရှိရင် အင်မတန်မှကြီးမားတဲ့စိန်ခေါ်မှုကြီးတွေဖြစ်နေတာ တွေ့ရပါတယ်။ ရှင်းလင်းတဲ့လုပ်ငန်းစဉ်တွေမရှိတာ၊ ပြည်သူလူထုပါဝင်မှုအားနည်းတာ၊ စိတ်ပါဝင်စားမှုမရှိတာ ဒါတွေဟာအခက်အခဲဖြစ်နေပါတယ်။ ဒါ့အပြင် နည်းပညာပိုင်းဆိုင်ရာလို့ပြောပေမယ့် နည်းပညာဆိုင်ရာအဆင့်တော့ မဟုတ်သေးပါဘူး။ Infrastructure လို့ခေါ်တဲ့ အခြေခံအဆောက်အဦတွေ လိုအပ်ချက်တွေရှိနေသေးပါတယ်။ အထူးသဖြင့် လျှပ်စစ်နှင့်သဘာဝစွမ်းအားကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွေမှာဆိုလို့ရှိရင် တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်မှုဧရိယာဟာ နည်းနေသေးတာတွေ့ရပါတယ်။ ဒါ့အပြင် ဘဏ္ဍာရေးကဏ္ဍလိုအပ်ချက်ကတော့ ကျွန်တော်တို့ရဲ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအပါအဝင် တစ်နိုင်ငံလုံးသိပြီးသားဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့နိုင်ငံမှာ ဘတ်ဂျက်ကို အကန့်အသတ်နဲ့သုံးစွဲနေရတဲ့အနေအထားရှိပါတယ်။ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံအတွက် စိန်ခေါ်မှုကြီးတွေ

ဖြစ်နေတာဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး များအပါအဝင် အားလုံးချင့်ချိန်စဉ်းစားဖို့လိုအပ်ပါတယ်။ ဒီလိုစိန်ခေါ်မှုတွေ၊ လိုအပ်ချက်တွေကို ဖြတ်ကျော်နိုင်မှ သာလျှင် E-Government စနစ်တစ်ခု ပိုပြီးတော့ မြန်မြန်ဆန်ဆန်နဲ့ထိထိရောက်ရောက် အောင်မြင် လာနိုင်မှာဖြစ်ပါတယ်။ သို့ပါသော်လည်းပဲ ကမ္ဘာ့နိုင်ငံတော်တော်များများမှာ သတင်းအချက်အလက် ကိုအခြေခံသော၊ ဆက်သွယ်ရေးကိုအခြေခံသော E-Government စနစ်ကို တွင်တွင်ကျယ်ကျယ်နဲ့ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေတာတွေ့ရပါတယ်။ ဒါ့အပြင် E-Government စနစ်ဟာ ရေရှည်မှာ နိုင်ငံအတွက် လွန်စွာအကျိုးပြုပြီး ကောင်းမွန်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဦးနေဖူးဗဆွေရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်အေး(မက်မန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မက်မန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးဖြစ်ပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးကော်မတီက အဆိုတင်သွင်းထားတဲ့ကိစ္စ မှာ ကျွန်တော့်အနေနဲ့ E-Government ကို လုံခြုံရေးအပိုင်း ရှုထောင့်ကနေပြီးတော့ ဆွေးနွေး သွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါ။ လက်ရှိအချိန်မှာ ဖွံ့ဖြိုးပြီးနိုင်ငံအချို့မှာဆိုရင် E-Government စနစ် အသုံးပြုမှု နှင့်အတူ ပေါ်ပေါက်လာတဲ့ Cyber လုံခြုံရေးကျိုးပေါက်မှုများ၊ သတင်းအချက်အလက်ပြန့်ပွားမှု များကို ရင်ဆိုင်ကြုံတွေ့ရလျက်ရှိပါတယ်။ နည်းပညာတိုးတက်ပြောင်းလဲမှုကြောင့် သမားရိုးကျ နည်းလမ်းများနဲ့ လုံခြုံအောင်ဆောင်ရွက်ထားမှုများကို အလွယ်တကူချိုးဖောက်ဝင်ရောက်နိုင်ခြင်း၊ နိုင်ငံတော်အဆင့် လုံခြုံရေးဆိုင်ရာအချက်အလက်များနှင့် တစ်သီးပုဂ္ဂလအချက်အလက်များ ခိုးယူနိုင် ခြင်းစသည်တို့ကို ကြုံတွေ့လာရပါတယ်။ Cyber လုံခြုံရေးကျိုးပေါက်မှု ပတ်ဝန်းကျင်အခြေအနေကို လေ့လာမယ်ဆိုလျှင် နံပါတ်(၁)အနေနဲ့ သုံးစွဲသူတို့ရဲ့ Cyber လုံခြုံရေးပိုင်းဆိုင်ရာသိရှိမှုအားနည်း ခြင်း၊ ကွန်ရက်လုံခြုံမှုအားနည်းခြင်း၊ အသုံးပြုတဲ့စက်ပစ္စည်းများရဲ့လုံခြုံမှု အားနည်းခြင်းတို့ပဲဖြစ်ပါ တယ်။ လိုအပ်တဲ့လုံခြုံရေးဆိုင်ရာ အချက်အလက်များကတော့ Authentication, Authorization, Confidentiality နဲ့ Integrity၊ Traceability နဲ့ Non-repudiation တို့ဖြစ်ပါတယ်။ ခြိမ်းခြောက်နိုင် တဲ့အချက်ကတော့ E-Government စနစ်မှာ ဝန်ဆောင်မှုများကို အင်တာနက်ကွန်ရက်များနဲ့

မိုဘိုင်းကွန်ရက်များမှတစ်ဆင့် အသုံးပြုတဲ့နိုင်ငံသားများ၊ လုပ်ငန်းစုများ၊ အစိုးရအုပ်ချုပ်ရေး လုပ်ငန်းများ၊ အစိုးရအေဂျင်စီများနှင့် အထက်တွင်တင်ပြခဲ့တဲ့ သုံးစွဲသူတစ်ဦးချင်းရဲ့ Cyber လုံခြုံရေးအား သိရှိနားလည်မှု၊ ကွန်ရက်လုံခြုံမှုနှင့် Application Layer လုံခြုံမှုအခြေအနေ ပေါ်မှာ မူတည်ပြီးတော့ သတင်းအချက်အလက်လုံခြုံရေးအတွက် အားနည်းချက်များဖြစ်လာနိုင်ပါ တယ်။

ဒါကြောင့် မိမိတို့အဖွဲ့အစည်းအတွက် သတင်းအချက်အလက် လုံခြုံမှုရှိစေရန်အတွက် ကာကွယ်ကြရာမှာဆိုရင် နံပါတ်(၁)အနေနဲ့ သတင်းအချက်အလက်များ လုံခြုံမှုရှိစေဖို့အတွက် ဖြစ်ပေါ်လာနိုင်တဲ့အန္တရာယ်များမှ ကောင်းစွာအကာအကွယ်ပေးထားမှုကို ခိုင်ခိုင်မာမာအာမခံချက် ပေးနိုင်ရပါမယ်။ သတင်းအချက်အလက်များ၊ အန္တရာယ်များကို ကိုင်တွယ်ဆောင်ရွက်နိုင်ဖို့အတွက် လည်း စီမံချက်များထားရှိခြင်း၊ ရွေးချယ်ထိန်းချုပ်ခြင်းနှင့် အကျိုးသက်ရောက်မှုအခြေအနေများကို တိုင်းတာကြည့်ရှုခြင်းပဲဖြစ်ပါတယ်။ ထိန်းချုပ်ဆောင်ရွက်နိုင်မှုတွေကို အစဉ်တိုးတက်နေအောင်လည်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဥပဒေ လုပ်ထုံးလုပ်နည်းများအတိုင်း အောင်မြင်အောင်လည်း လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ကွန်ရက်လုံခြုံရေးအပိုင်းမှာ ကောင်းမွန် အောင်ဆောင်ရွက်လျက်ရှိသော်လည်း E-Government စနစ်မှာ အသုံးပြုတဲ့ကွန်ရက်များမှာ အားနည်းချက်များရှိနေဆဲဖြစ်ပါတယ်။ လုံခြုံရေးဆိုင်ရာစက်ပစ္စည်းများနှင့် Program များဖြစ်ကြတဲ့ Firewall, Interaction Detection Software, Inclusion နဲ့ Secure Network စသည်တို့ဟာ သတင်းအချက်အလက်လုံခြုံရေးအတွက် အတိုင်းအတာတစ်ခုအထိ ရရှိအောင်ဆောင်ရွက်နိုင်တဲ့ Program များဖြစ်ပါတယ်။ ဒါပေမဲ့ E-Government စနစ်ကို နေ့စဉ်အသုံးပြုကြတဲ့ ဝန်ထမ်းများ ကိုလည်း သတင်းလုံခြုံမှုပိုင်းဆိုင်ရာကို စနစ်တကျသင်ကြားလေ့ကျင့်ပေးရန် လိုအပ်မှာလည်းဖြစ်ပါ တယ်။ အစိုးရရဲ့ Online ဝန်ဆောင်မှုအပေါ် ပြည်သူများယုံကြည်စိတ်ချစွာ လက်ခံသုံးစွဲနိုင်ဖို့အတွက် Cyber Security မူဝါဒများ၊ လမ်းညွှန်ချက်များ၊ ဥပဒေများ၊ စီမံချက်များရေးဆွဲဆောင်ရွက်ရပါမယ်။ သတင်းအချက်အလက်များလုံခြုံမှုနှင့် စီမံခန့်ခွဲခြင်းတွေကိုလည်း လုပ်ရပါမယ်။ Online ဝန်ဆောင်မှု သုံးစွဲတဲ့ပြည်သူများရဲ့ ကိုယ်ရေးကိုယ်တာအချက်အလက်လုံခြုံမှု (Privacy) ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်တဲ့စီမံချက်များကိုလည်း ရေးဆွဲဆောင်ရွက်ရပါမယ်။ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းများ နှင့် ပြည်သူများအကြား Online ဝန်ဆောင်မှုတွေကို ယုံကြည်စိတ်ချစွာ အသုံးပြုလာနိုင်စေရန် အတွက် လုံခြုံရေးစီမံချက်များကို ကနဦးအဆင့်၊ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့အဆင့်၊

အကောင်အထည်ဖော်ပြီး စသည့်အဆင့်သုံးဆင့်လုံးမှာ ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်သင့်ပါတယ်။

သတင်းအချက်အလက်လုံခြုံမှုနှင့် စီမံခန့်ခွဲခြင်းများ ဆောင်ရွက်ရာမှာလည်း ပုဂ္ဂိုလ်ရေးအချက်အလက်များ၊ လုံခြုံမှုအဆင့်အတန်းရှိတဲ့ သတင်းအချက်အလက်များနှင့် အများပြည်သူသိပိုင်ခွင့်ရှိတဲ့အချက်အလက်များကို ခွဲခြားသတ်မှတ်ပြီး လုံခြုံမှုရှိအောင် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ထို့အပြင် ပြည်သူလူထုရဲ့ကိုယ်ရေးကိုယ်တာ(Privacy) အချက်အလက်များကိုလည်း လုံခြုံမှုဆောင်ရွက်ရာမှာ အဓိကအန္တရာယ်ဖြစ်တဲ့ Hacker များ၊ Virus များနှင့် အခြားတိုက်ခိုက်ခံရမှုများ ကာကွယ်ပေးနိုင်ဖို့ကိုလည်း ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ယခု ကျွန်တော့်တင်ပြချက်တွေကို အချုပ်အနေနဲ့ပြောမယ်ဆိုရင် (၁) Law တွေထုတ်ရပါမယ်။ Law ဆိုတာ ဒါ ကာကွယ်ခြင်းလည်းရှိပါတယ်။ တားဆီးခြင်းလည်းရှိပါတယ်။ ကာကွယ်ခြင်းအပိုင်းကတော့ ခုနကအသုံးပြုတဲ့ Operator တွေအတွက် ကာကွယ်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ထိပ်တန်းလျှို့ဝှက်တစ်ခု ပေါက်ကြားသွားတဲ့အချိန်မှာ ဒီ Operator တွေ အရေးယူခံရပါတယ်။ အရေးယူခံရတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ရည်ရွယ်ချက်က Paperless ကနေပြီးတော့ ဘယ်ပြန်ရောက်သွားလည်းဆိုရင် အစ Paperwork အဲဒီကိုပြန်ရောက်သွားပါတယ်။ ဒါကြောင့်မို့ ကာကွယ်မှုအပိုင်းကိုလည်း ဒီ Operator တွေအတွက် ဥပဒေထုတ်ဖို့လိုပါတယ်။ နောက်တစ်ခုကတော့ Fire Wall ဒါ Program တွေမှာ တပ်ဆင်ရပါမယ်။ နောက်တစ်ခုကတော့ Encryption Password နဲ့ဖွဲ့ပြီး ကျွန်တော်တို့ပို့မယ်။ ပြီးရင် Decryption ပြန်လုပ်ရပါမယ်။ ပြန်လုပ်တဲ့အချိန်မှာ နည်းနှစ်နည်းရှိပါတယ်။ ကျွန်တော်တို့ Key based E-mail Security နဲ့ Web-page E-mail Security ဖြစ်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ တစ်ဖက်နဲ့တစ်ဖက်ညှိနှိုင်းရပါမယ်။ နောက်တစ်နည်းဖြေရှင်းနိုင်တာကတော့ လုံခြုံရေးအတွက် Backup Link ပဲ ဖြစ်ပါတယ်။ ဒီ Backup Link တွေလည်း အရန်အနေနဲ့ ကျွန်တော်တို့ထားရပါမယ်။ ကျွန်တော်တို့ ဌာနဆိုင်ရာတွေမှာ သို့မဟုတ် G to G, G to B, G to C တွေမှာ ကိုယ်ထင်ရာကိုယ့်အသုံးပြုစနစ်နဲ့ ဝါးလုံးခေါင်းထဲလသာနေမယ်ဆိုရင် ကျွန်တော်တို့ Synchronization လုံးဝမရပါဘူး။ ----------------။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ (သြဘာသံများ)

**ဦးတင်အေး(မက်မန်းမဲဆန္ဒနယ်)**။ ။ -----------------။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များနှင့် မင်္ဂလာအပေါင်းပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက် ဖြစ်ပါတယ်။ လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ၏ နိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးပါဝင်ပတ်သက်သူများအားလုံးသည် E-Government Website များ၊ Mobile Application များမှတစ်ဆင့် ဌာနဆိုင်ရာဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်ရေးအတွက် E-Government စနစ်များ ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါရန်အဆိုအားတိုက်တွန်းကြောင်းကို ဖြည့်စွက်ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အရင်ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသွားခဲ့တာတွေဟာ အတော်လေးပြည့်စုံလုံလောက်နေပါတယ်။ အဲဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ E-Government ဆိုသည်မှာ သမားရိုးကျလုပ်ဆောင်နေတဲ့ အစိုးရလုပ်ငန်းများနှင့် ဝန်ဆောင်မှုများကို နည်းပညာအသုံးချ၍ ပြည်သူ့အခန်းကဏ္ဍအား ဝန်ဆောင်မှုပေးရာတွင် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။ E-Government တွင်ပါဝင်သော အစိတ်အပိုင်းများ၊ သတင်းအချက်အလက်များစုစည်းခြင်း၊ စံစနစ်သတ်မှတ်ခြင်းများမှာ လက်ရှိအသုံးပြုနေသော အစိုးရဝန်ကြီးဌာနများ၏ သတင်းအချက်အလက်များကို စံစနစ်သတ်မှတ်၍ စံစနစ်သို့ပြောင်းလဲသိမ်းဆည်းရန်အတွက် ပြင်ဆင်ဆောင်ရွက်ခြင်းအစိတ်အပိုင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အောက်ပါအချက်နှစ်ချက်ကို အတိုချုံ့ပြီးတော့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ နံပါတ်(၁)က သတင်းအချက်အလက်များစုစည်းခြင်း၊ နံပါတ်(၂) စံစနစ်သတ်မှတ်ခြင်း အပိုင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နံပါတ်(၁) အပိုင်းဖြစ်တဲ့ သတင်းအချက်အလက်များစုစည်းခြင်းကို ကျွန်တော်ဆွေးနွေးပါမယ်။ လက်ရှိအခြေအနေတွင် ဝန်ကြီးဌာနအသီးသီး၌ ၎င်းတို့၏သတင်းအချက်အလက်များကို မိမိတို့ကိုယ်ပိုင်စနစ် သိမ်းဆည်းထားကြပါတယ်။ ၎င်းကိုယ်ပိုင်စနစ်များသည် E-Government စနစ်ဖော်ဆောင်ရာ၌ အချက်အလက်များစုစည်းခြင်း၊ စံစနစ်သတ်မှတ်ခြင်းအား ကြီးမားသော အဟန့်အတားဖြစ်စေပါတယ်။ ဥပမာအားဖြင့် မြန်မာစာ Font များ အမျိုးမျိုးကွဲလွဲနေခြင်း၊ အချက်အလက်သိမ်းဆည်းပုံစနစ်ကွဲပြားခြင်းတို့

ဖြစ်ပါတယ်။ ဝန်ကြီးဌာနအသီးသီး၏ အချက်အလက်များသိမ်းဆည်းထားမှုများအား မိမိတို့အနေဖြင့် အသေးစိတ်လေ့လာသိရှိနိုင်ရန် လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နံပါတ်(၂)ဖြစ်တဲ့ စံစနစ်သတ်မှတ်ခြင်းအပိုင်းကို အကြံပြုဆွေးနွေးသွားပါမယ်။ E-Government စနစ်ဖော်ဆောင်ရာမှာ အလွန်အရေးကြီးတဲ့အချက်မှာ စံစနစ်လိုက်နာမှုရှိသောမြန်မာစာအသုံးပြုရခြင်းပင် ဖြစ်ပါတယ်။ Unicode စနစ်အား အပြည့်အဝလိုက်နာသော မြန်မာစာလုံးများသာ အသုံးပြုရပါမယ်။ အကြံပြုအပ်ပါတယ်။ E-Government ဦးဆောင်ကော်မတီမှဝန်ကြီးဌာနအားလုံးနှင့် ပြင်ပလုပ်ငန်းစုများ၊ ပြည်သူများကို အချက်အလက်ဖြည့်သွင်းရေးသားရာတွင်သတ်မှတ်ထားသော စံစနစ်အစီအစဉ်ကို လိုက်နာရန်ညွှန်ကြားမှုပြုရပါမယ်။ ဥပမာအားဖြင့် လူတစ်ယောက်၏ကိုယ်ရေးအချက်အလက်များကို ဖြည့်သွင်းမယ့်အစီအစဉ်တကျဖြစ်သော အမည်၊ အဖအမည်၊ မွေးသက္ကရာဇ်၊ လိင်အမျိုးအစား၊ မှတ်ပုံတင်အမှတ်စသည့်ပုံစံကို သတ်မှတ်ပေးရပါမယ်။ နေရပ်လိပ်စာဖြည့်သွင်းရာတွင်လည်း အစီအစဉ်တကျဖြစ်သော အိမ်အမှတ်၊ လမ်းအမည်၊ ရပ်ကွက်အမည်၊ မြို့နယ်၊ တိုင်းဒေသကြီးစသည့်ပုံစံတို့ကိုလည်း သတ်မှတ်ပေးရပါမယ်။ သီးခြားဖြစ်စေသော စာပို့သင်္ကေတစနစ် Postal Code ကိုလည်းတွင်ကျယ်စွာ အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်သင့်ပါတယ်။ စံစနစ်သတ်မှတ်၍ သတင်းအချက်အလက်များကို သိမ်းဆည်းရာတွင် တခြားသောအဖွဲ့အစည်းများအား ICT နည်းပညာဖြင့်ချိတ်ဆက်၍ သတင်းအချက်အလက်များကိုရယူရာတွင် လွယ်ကူလုံခြုံစွာသတင်းဖလှယ်နိုင်ရန် ပြင်ဆင်မှုများပြုလုပ်၍ သိမ်းဆည်းထားရန် အကြံပြုအပ်ပါတယ်။ အဆိုပါ E-Government စနစ် ပီပြင်ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပါက အားသာချက်နှင့်အကျိုးကျေးဇူးများမှာ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များရယူနိုင်ခြင်း၊ ဌာနဆိုင်ရာသတင်းအချက်အလက်များကိုရယူနိုင်မှု လွယ်ကူစေခြင်းတို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ကျွန်တော်သုံးသပ်အကြံပြုတင်ပြဆွေးနွေးရမယ်ဆိုရင် မြန်မာနိုင်ငံ၏ E-Government စနစ်ဟာ အကောင်အထည်ဖော်ရာမှာ ပါဝင်ထည့်သွင်းစဉ်းစားသင့်သည့်အချက်အလက်များဖြစ်ပါတယ်။ Good Governance ကောင်းမွန်သော အုပ်ချုပ်မှု၊ Clean Government သန့်ရှင်းသောအစိုးရဖြစ်စေရန် အရေးကြီးသော အချက်သုံးချက်ဖြစ်သည့် (၁)ပွင့်လင်းမြင်သာမှု၊ (၂) ကျွမ်းကျင်မှု၊ (၃) အကျိုးသက်ရောက်မှုတို့ကို တိုးမြှင့်ပေးနိုင်ရန် ICT က အပြည့်အဝ ဖော်ဆောင်ပေးပါလိမ့်မယ်။ အထက်ပါအကြံပြုချက်ကို အခြေခံဖြည့်စွက်၍ E-Government Master Plan များရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားအသုံးပြုသင့်သည်ဟု အကြံပြု

ပါတယ်။ နောက်တစ်ခုအကြံပြုလိုတာကတော့ ဒီ E-Government အလျင်အမြန်အကောင် အထည် ဖော်ဖို့အတွက် နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်အတိုင်ပင်ခံက ဦးစီးဦးဆောင်ပြု မှသာလျှင် အမြန်အောင်မြင် မှာဖြစ်ကြောင်း ဦးနေဖူးဗဆွေ၏အဆိုကို ထောက်ခံရင်း နိဂုံးချုပ်အပ်ပါ တယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးယန်ကျင်းကန်(ကွမ်းလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကွမ်းလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယန်ကျင်းကန်ဖြစ်ပြီး ပန်းဘဲတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေဖူးဗဆွေရဲ့အဆိုဖြစ်တဲ့ E-Government စနစ်ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ရေးအဆိုကို နည်းပညာအခြေခံအဆောက်အဦများ ဖွဲ့စည်းတည်ဆောက်ခြင်း ဆိုင်ရာနှင့်စပ်လျဉ်းပြီး အကျဉ်းချုံးထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွံ့ဖြိုးမှုများစွာနောက်ကျနေတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ယိုယွင်းနေတဲ့ အခြေအနေများကို ပြောင်းလဲရန် မှန်ကန်တဲ့ကုစားမှုနဲ့မှန်ကန်တဲ့လားရာသို့ လျင်မြန်တဲ့အရှိန်အဟုန်နဲ့ ဦးတည်ရွေ့လျားနိုင်ဖို့ လိုပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ အလွဲကုစားမှုရဲ့လားရာကို တည့်မတ်နိုင်ဖို့ အစိုးရအုပ်ချုပ်ရေးနှင့် ဒီမိုကရေစီလုပ်ငန်းရပ်များကို သတင်းအချက်အလက် ဆက်သွယ်ရေး နည်းပညာများသုံးစွဲပြီး စီမံဆောင်ရွက်နိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ အုပ်ချုပ်ရေးနှင့် ဒီမိုကရေစီ လုပ်ငန်းရပ်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့ E-Government စနစ် ပေါ်ပေါက်လာ ဖို့ လိုအပ်တဲ့အတွက် ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အင်တာနက်ဝန်ဆောင်မှုပေးတဲ့ကုမ္ပဏီ(Internet Service Provider)များရှိနေပြီး ထိုင်းနှင့်တရုတ် နိုင်ငံများသို့ မူဆယ်နှင့်မြဝတီမှတစ်ဆင့် နိုင်ငံတကာဝင်/ထွက်ပေါက်အဖြစ် ဆက်သွယ်ထားပြီး ဖြစ်ကြောင်းသိရှိရပါတယ်။ နေပြည်တော်နှင့်တပ်ကုန်းမှာ အစိုးရ Data Center နှစ်ခု တည်ဆောက် ထားပြီး ရန်ကုန်မှာလည်းတစ်ခုတည်ဆောက်ထားပြီးဖြစ်ပါတယ်။ နိုင်ငံခြားချေးငွေအထောက်အပံ့ဖြင့် တည်ဆောက်မယ့် ဆောင်ရွက်ဆဲလုပ်ငန်းများလည်းရှိပါတယ်။ နေပြည်တော်ရှိ ဝန်ကြီးဌာနရုံး အသီးသီးမှာလည်း ဖိုင်ဘာကွန်ရက်ဆက်သွယ်ထားပြီးဖြစ်တဲ့အပြင် Video Conferencing System

ဖြင့် နေပြည်တော်-ရန်ကုန်-မန္တလေးရုံးများကိုဗဟိုပြုပြီး ပြည်နယ်နှင့်တိုင်းအသီးသီးရှိ ရုံးများတွင် အသုံးပြုနိုင်ရန် ချိတ်ဆက်ထားပြီးဖြစ်ကြောင်း သက်ဆိုင်ရာမှသိရှိရပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့လည်း ဆက်သွယ်ရေးဂြိုလ်တုအသုံးပြုနိုင်ရန် Myanmar Sat-one Satellite Venture Lease Agreement ကို လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံအနေနဲ့ E-Government စနစ်အကောင်အထည်ဖော်ရာမှာ IT နည်းပညာအခြေခံအဆောက်အဦ အတိုင်းအတာတစ်ခုအထိ ပိုင်ဆိုင်နေခြင်း၊ E-Government စနစ်ကို အောင်မြင်အောင်ဆောင်ရွက်နေသည့် နိုင်ငံတကာအတွေ့အကြုံနှင့် နည်းပညာများကို ရယူနိုင်သည့် အားသာချက်ရှိခြင်း၊ နည်းပညာဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်အတော်အတန်ရှိနေခြင်းများကြောင့် E-Government စနစ်ကို အောင်မြင်စွာအကောင်အထည်ဖော်ရေးအတွက် မဟာဗျူဟာ၊ နည်းဗျူဟာ ရည်မှန်းချက်များကို စနစ်တကျပြန်လည်သုံးသပ်ပြီး ရေးဆွဲအကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်ပါတယ်။ နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံတွင် IT နည်းပညာအခြေခံအဆောက်အဦနှင့်နည်းပညာများ အခြေအနေတစ်ခုသို့ ရောက်ရှိပိုင်ဆိုင်နိုင်ပြီဖြစ်ရာ နိုင်ငံပုံရိပ်ကောင်းမွန်စေရေးနှင့် ပြည်သူတစ်ရပ်လုံးရဲ့အကျိုးစီးပွားများကိုဖော်ဆောင်ရာတွင် အထောက်အကူပြုစေရန် E-Government စနစ်ကို ပိုမိုထိရောက်စွာ ဖော်ဆောင်နိုင်ရန်လိုအပ်တဲ့အတွက် ပန်းဘဲတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေဖူးဗဆွေရဲ့ E-Government စနစ်ထိရောက်အောင်မြင်စွာ ဖော်ဆောင်ရေးအဆိုကို အလေးအနက်ထောက်ခံပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစီအစဉ်(၆)ကို မနက်ဖြန် ၁၆-၉-၂၀၁၆ ရက်နေ့မှာ ဆက်လက်ဆောင်ရွက်ပါမယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၄)ရက်မြောက်နေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ၁၁း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**